# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက် | ၂၀၂၆ ခုနှစ်၊ ဧပြီ ၁၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၅)၊ အမှတ်(၁၉၆)




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ အခမ်းအနားတက်ရောက်လာသူများအား မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ အတာသင်္ကြန်ရေ ပက်ဖျန်းပေးစဉ်။

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ကျင်းပပြုလုပ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်

## ပြည်သူများစိတ်လက်ချမ်းသာ ပျော်ရွှင်စွာဖြင့် မြန်မာ့ရိုးရာအတာသင်္ကြန်ကို စည်ကားများပြားစွာ လာရောက်ဆင်နွှဲလျက်ရှိ

နေပြည်တော် ဧပြီ ၁၃

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ယဉ်ကျေးသိမ်မွေ့သည့်သင်္ကြန်၊ အေးချမ်းသာယာသည့်သင်္ကြန်အဖြစ် ကျင်းပ၍ နှစ်သစ်အတာကူးကြမည်ဖြစ်ပြီး ယနေ့တွင် ကျရောက်သည့် မြန်မာ့ရိုးရာမဟာသင်္ကြန်အကြိုနေ့တွင် နေပြည်တော် မြန်မာ့ရိုးရာအတာသင်္ကြန်ကို နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါ နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်သို့ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် မိသားစုဝင်များ၊ ဒုတိယသမ္မတ ဦးညီညီစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ အဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❖

| အမြင့်ဆုံး နေ့အပူချိန်များ | (၁၃ - ၄ - ၂၀၂၆) | |
|---|---|---|
| ချောက်မြို့ | ၄၃ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်းမြို့ | ၄၂ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံမြို့ | ၄၁ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၄၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူမြို့ | ၄၁ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| မကွေးမြို့ | ၄၁ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဇောင်းတူမြို့ | ၄၁ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |


**ယနေ့ ဇတ်စရာ**

တန်ခူးလနှင့် သင်္ကြန်ပွဲတော် — ဆောင်းပါး စာ ၆

ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ — ပြည်တွင်းသတင်း စာ ၈

တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာ အတာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲများ ပြုလုပ် — ပြည်တွင်းသတင်း စာ ၁၀

အီရတ်နိုင်ငံ၏ ရေနံစိမ်းတင်ပို့မှု မတ်လတွင် သိသိသာသာကျဆင်း — နိုင်ငံတကာသတင်း စာ ၁၄




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။

❖ ရှေ့ဖုံးမှ

တာဝန်ရှိသူများ၊ ယိမ်းအကအဖွဲ့များနှင့် ပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် နေပြည်တော် မြို့တော်ဝန်မဏ္ဍပ်သို့ရောက်ရှိကြရာ ဒုတိယသမ္မတများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ကျင်းပပြုလုပ်ပြီး ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များက မြန်မာ့ရိုးရာ အတာတေးသီချင်းများ၊ ယိမ်းအကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အခမ်းအနားတက်ရောက်လာကြသူများ၊ ယိမ်းအကအဖွဲ့များအား အတာသင်္ကြန်ရေကို မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြို့တော်ဝန်မဏ္ဍပ်မှ နေပြည်တော်လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်မည့် နေပြည်တော်ရင်ပြင်သို့သွားရောက်ရာ လမ်းတစ်လျှောက်၌ ယိမ်းအကအဖွဲ့များက ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ကို ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲစဉ်။

**❒ ယခုနှစ် မြန်မာ့ရိုးရာမဟာအတာသင်္ကြန်ပွဲတော် နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများအားလုံးပူးပေါင်း၍ မြန်မာ့ရိုးရာအနှစ်သာရကို ပေါ်လွင်စွာဖြင့် ပျော်ရွှင်စွာဆင်နွှဲနိုင်ရန် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ အခမ်းအနားတက်ရောက်လာသူများအား မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ အတာသင်္ကြန်ရေ ပက်ဖျန်းပေးစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နေပြည်တော်ရင်ပြင်အတွင်းရှိ ကာကွယ်ရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်တွင် ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*

ထို့နောက် ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်ရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းနှင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တို့က နေပြည်တော်လမ်းလျှောက်သင်္ကြန်မုခ်ဦးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ယိမ်းအကဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး မြန်မာ့ရိုးရာသနပ်ခါးနှင့် လက်ဖက်၊ ထမနဲမဏ္ဍပ်များအား လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နေပြည်တော်ရင်ပြင်အတွင်းရှိ မြန်မာ့ရိုးရာယဉ်ကျေးမှုဇုန်နှင့် ဝန်ကြီးဌာန ရေကစားမဏ္ဍပ်များအား လှည့်လည်ကြည့်ရှု၍ မြန်မာ့ရိုးရာအတာသင်္ကြန်ကို ပြည်သူများနှင့် အတူတကွ ပါဝင်ဆင်နွှဲခဲ့ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ကို ပြည်သူများနှင့် အတူ ပါဝင်ဆင်နွှဲစဉ်။

ယခုနှစ် မြန်မာ့ရိုးရာမဟာအတာသင်္ကြန်ပွဲတော် နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများအားလုံးပူးပေါင်း၍ မြန်မာ့ရိုးရာအနှစ်သာရကိုပေါ်လွင်စွာဖြင့် ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ နေပြည်တော်လမ်းလျှောက်သင်္ကြန် ဗဟိုမဏ္ဍပ်၌ နိုင်ငံကျော်အနုပညာရှင်များ၊ ကိုရီးယားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ အနုပညာရှင်အဖွဲ့များက ပါဝင်ဖျော်ဖြေတင်ဆက်သွားကြမည်ဖြစ်ကြောင်း၊ နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် မြန်မာ့ရိုးရာသနပ်ခါးနှင့် လက်ဖက်၊ ထမနဲမဏ္ဍပ်များကိုလည်း ထည့်သွင်းထားသည့်အတွက် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ရိုးရာအစားအစာများကို ကမ္ဘာက သိရှိစေနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဝန်ကြီးဌာနများအလိုက် ရေကစားမဏ္ဍပ်များ၊ တိုင်းရင်းသားရိုးရာရေကစားမဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်များ၌ စတုဒိသာအကျွေးအမွေးများဖြင့်လည်း ဧည့်ခံကျွေးမွေးလျက်ရှိရာ ပြည်သူများအနေဖြင့် စိတ်လက်ချမ်းသာ ပျော်ရွှင်စွာဖြင့် မြန်မာ့ရိုးရာအတာသင်္ကြန်ကို စည်ကားများပြားစွာ လာရောက်ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်လမ်းလျှောက်သင်္ကြန်ရှိ ထမနဲမဏ္ဍပ်၌ ကြည့်ရှုအားပေးစဉ်။



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းနှင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်တို့ နေပြည်တော်လမ်းလျှောက်သင်္ကြန်မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**❝ နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ မြန်မာ့ရိုးရာသနပ်ခါးနှင့် လက်ဖက်၊ ထမနဲမဏ္ဍပ်များကိုလည်း ထည့်သွင်းထားသည့်အတွက် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ရိုးရာအစားအစာများကို ကမ္ဘာကသိရှိစေနိုင်မည်ဖြစ်သည့်အပြင် ဝန်ကြီးဌာနများအလိုက် ရေကစားမဏ္ဍပ်များ၊ တိုင်းရင်းသားရိုးရာ ရေကစားမဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်များ၌ စတုဒိသာအကျွေးအမွေးများဖြင့်လည်း ဧည့်ခံကျွေးမွေးလျက်ရှိ ❞**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး

# ၁၃၈၇ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဧပြီ ၁၃**

မြန်မာတို့အတွက် သင်္ကြန်၏ အဓိပ္ပာယ်မှာ ကူးပြောင်းခြင်းဖြစ်၍ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းချိန်ကာလတစ်ခုဖြစ်ပြီး ထိုသို့နှစ်သစ်ကူးပြောင်းသည့် အခါသမယတွင် နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသည့် အတာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကျင်းပလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ သင်္ကြန်ရေသဘင်ပွဲတော်သည် မြန်မာတို့၏ (၁၂) လရာသီပွဲတော်များအနက် အကြီးကျယ်ဆုံးနှင့် အစည်ကားဆုံးပွဲတော်တစ်ခုလည်းဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံး၌ ရေကစားမဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပ၍ ပြည်သူအားလုံး ပါဝင်ဆင်နွှဲကြသည့် အထင်ကရ ပွဲတော်တစ်ခုဖြစ်သည်။

ထိုသို့ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လျက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ပြုလုပ်သည့် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဗေယျာသီရိရှိ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူနှင့် အဖွဲ့ဝင်များ ယိမ်းအဖွဲ့သမီးပျိုများ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

မြက်ခင်းပြင်၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အနုပညာရှင်များ၊ ယိမ်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်သည့် ဗေယျာသီရိရှိမြက်ခင်းပြင်သို့ရောက်ရှိရာ တပ်မတော်အရာရှိကြီးများနှင့် မိသားစုများက စံပယ်ပန်းကုံးကမ်း၍ အတာရေပက်ဖျန်းကာ ကြိုဆိုကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

### အတာရေပက်ဖျန်းပေး

ယင်းနောက် အနုပညာရှင်များက "နှစ်သစ်မင်္ဂလာ" သီချင်းဖြင့် သီဆိုမှုနှင့်အတူ ယိမ်းအဖွဲ့သမီးပျိုများက ကပြဖျော်ဖြေကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ယိမ်းအဖွဲ့များနှင့်ဧည့်ပရိသတ်များအား အောင်သပြေခက်ဖြင့် အတာရေပက်ဖျန်းပေးကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများအား သင်္ကြန်စတုဒိသာ အစားအစာများဖြင့် တည်ခင်းဧည့်ခံ၍ မြဝတီတေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော် အနုပညာရှင်များ၊ ယိမ်းအဖွဲ့များက တေးသီချင်းများ၊ ယိမ်းအကအလှများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း အိမ်ထောင်သည်လိုင်းများအနီးရှိ စိန်ပန်းရေကစားမဏ္ဍပ်၊ မန်ကျည်းရိပ်ရေကစားမဏ္ဍပ်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်တို့၏ ရေကစားမဏ္ဍပ် ဖွင့်ပွဲများကိုလည်း အသီးသီးသွားရောက် ဖွင့်လှစ်ပေးကြပြီး အတာရေသဘင်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ ရေကစားမဏ္ဍပ်များတွင် မဟာသင်္ကြန် အကြိုနေ့မှ အတက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပ၍ သင်္ကြန်ယိမ်းအကအဖွဲ့များနှင့် တေးသံရှင်များက ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေသွားမည်ဖြစ်သည်။

### စည်ကားသိုက်မြိုက်စွာကျင်းပ

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊ ပြည်သူများကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာ ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများ၏ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း၍ လန်းဆန်းစေပြီး နှစ်သစ်တွင် နိုင်ငံတော်တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊ မြန်မာမှု၊ မြန်မာ့ဟန်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စတုဒိသာကျွေးမွေးလှူဒါန်း

**ရန်ကုန် ဧပြီ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် စတုဒိသာကျွေးမွေးလှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ယာဉ်ရပ်နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်ဦးတင်ကိုကို၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အလုပ်အမှုဆောင် ကော်မတီဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး (ဗဟို) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မဟာသင်္ကြန်အကြိုနေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအား စတုဒိသာရွှေရင်အေး လှူဒါန်းကြသည်။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး (ဗဟို)သည် မဟာသင်္ကြန်ကာလ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ နေ့စဉ် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာပြည်သူများကို အာဟာရဒါန လှူဒါန်းကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကိုဇော် (MNA)**






ကျိုင်းတုံမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲကို ဧပြီ ၁၃ ရက်က ကျိုင်းတုံနာရီစင်ရှေ့ဗဟိုမဏ္ဍပ်၌ကျင်းပရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်းက နှစ်သစ်ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ အောင်ဇင်မြင့်(ပြန်/ဆက်)

# တန်ခူးလနှင့် သင်္ကြန်ပွဲတော်

ထက်ဇေယံ

❖ **မြန်မာတို့၏ မြတ်နိုးရာ ပိတောက်ရွှေဝါပန်းတို့သည် တန်ခူးလ၏ မိုးဦးဖြောက်ဖြောက်နှင့်အတူ တစ်ပြိုင်နက်တည်း ဖူးပွင့်ကြပါသည်။ ပိတောက်နံ့သည် ရိုးရာသင်္ကြန်၏ ဝိညာဉ်ဖြစ်ပြီး လမ်းဘေးဝဲယာတွင် ပိတောက်ပန်းကိုင်ကာ ရေကစားနေကြသော မြင်ကွင်းမှာ မည်သည့်ပန်းချီကားနှင့်မျှ နှိုင်းယှဉ်၍ မရနိုင်အောင် လှပလွန်းလှပါသည်**

ပူပြင်းလှသော နွေအပူရှိန်အောက်တွင် မြန်မာတို့၏ စိတ်နှလုံးကို အေးမြစေသည့် တန်ခူးလ အခါသမယသည် မြန်မာ့ဆယ့်နှစ်လရာသီ၏ အစဦးဖြစ်သကဲ့သို့ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်ကာ နှစ်သစ်သို့ ကူးပြောင်းသည့် မင်္ဂလာရှိသော အချိန်ကာလလည်း ဖြစ်ပါသည်။ တန်ခူးလ၏ ထူးခြားချက်မှာ သဘာဝတရား၏ အလှတရားများ ဖြစ်သော ပိတောက်ရွှေဝါတို့ ဖူးပွင့်ဝေဆာခြင်းနှင့်အတူ မြန်မာတို့၏ ယဉ်ကျေးမှုအစဉ်အလာ ကြီးမားလှသည့် မဟာသင်္ကြန်ပွဲတော်ကြီးကို ခမ်းနားထည်ဝါစွာ ကျင်းပခြင်းပင် ဖြစ်သည်။

**တန်ခူးလ၏ သဘာဝအလှနှင့် နွေဦးအငွေ့အသက်**

တန်ခူးလသည် နွေရာသီ၏ အထွတ်အထိပ်သို့ ရောက်ရှိလာသော ကာလဖြစ်သော်လည်း သစ်ရွက်ဟောင်းများ ကြွေကျကာ သစ်ရွက်နုလေးများ ဝေဆာလာခြင်းက ဘဝသစ်ကို ဖော်ဆောင်နေသကဲ့သို့ ရှိပါသည်။ လေရူးသုန်သုန် တိုက်ခတ်မှုနှင့်အတူ ဥဩငှက်၏ တွန်ကျူးသံတို့က သင်္ကြန်ကာလ ရောက်ရှိတော့မည့် အချက်ပေးခေါင်းလောင်းသံများအဖြစ် မြန်မာတို့၏ နားထဲတွင် ချိုမြိန်စွာ ကြားယောင်နေစေပါသည်။

**ရွှေဝါရောင် ပိတောက်နှင့် သင်္ကြန်ဝိညာဉ်**

မြန်မာတို့၏ မြတ်နိုးရာ ပိတောက်ရွှေဝါပန်းတို့သည် တန်ခူးလ၏ မိုးဦးဖြောက်ဖြောက်နှင့်အတူ တစ်ပြိုင်နက်တည်း ဖူးပွင့်ကြပါသည်။ ပိတောက်နံ့သည် ရိုးရာသင်္ကြန်၏ ဝိညာဉ်ဖြစ်ပြီး လမ်းဘေးဝဲယာတွင် ပိတောက်ပန်းကိုင်ကာ ရေကစားနေကြသော မြင်ကွင်းမှာ မည်သည့်ပန်းချီကားနှင့်မျှ နှိုင်းယှဉ်၍ မရနိုင်အောင် လှပလွန်းလှပါသည်။

**နှစ်သစ်ကူး အကူးအပြောင်းနှင့် စိတ်ဓာတ်သစ်**

သင်္ကြန်သည် နှစ်ဟောင်းမှ အညစ်အကြေး၊ အမုန်းတရားနှင့် မကောင်းသော ကံကြမ္မာများကို ရေစင်သွန်းလောင်း၍ ဆေးကြောသန့်စင်သည့် ကာလဖြစ်ပါသည်။ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် လူတိုင်းသည် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်တို့ဖြင့် ရှေ့ဆက်နိုင်ရန် ပြင်ဆင်ကြသည့် မင်္ဂလာရှိသော အပြောင်းအလဲတစ်ခု ဖြစ်ပါသည်။

**နိုင်ငံတော်၏ အစီအစဉ်ဖြင့် စည်ကားသိုက်မြိုက်သော သင်္ကြန်**

ယခုနှစ် သင်္ကြန်ကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး စိတ်အေးချမ်းသာစွာ ပျော်ရွှင်နိုင်စေရန်အတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဏ္ဍပ်ကြီးများ၊ လမ်းလျှောက်သင်္ကြန်များနှင့် ဖျော်ဖြေရေးအစီအစဉ်များကို စနစ်တကျစီစဉ် ဆောင်ရွက်ပေးထားပါသည်။

**အန္တရာယ်ကင်းကင်း ဆင်နွှဲနိုင်ရေး ဦးစားပေး ဆောင်ရွက်မှု**

အစိုးရအနေဖြင့် ပြည်သူများ သင်္ကြန်ကာလအတွင်း မတော်တဆထိခိုက်မှုများ မရှိစေရန်နှင့် လုံခြုံစိတ်ချစွာ ရေကစားနိုင်ရန်အတွက် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို မြို့ကြီးများအလိုက် အထူးအလေးထား စီမံထားရှိပါသည်။

**ကျန်းမာရေးအသိဖြင့် ပျော်ရွှင်သော သင်္ကြန်**

အပူဒဏ်ကြောင့်ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးပြဿနာများကို ကာကွယ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ အသိပညာပေးမှုများ ပြုလုပ်လျက်ရှိသကဲ့သို့ သင်္ကြန်မဏ္ဍပ်များတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ အသင့်ရှိနေစေရန် စီစဉ်ထားခြင်းက ပြည်သူတို့အတွက် အားကိုးရာတစ်ခု ဖြစ်ပါသည်။

**တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ညီညွတ်စွာ ရေကစားကြခြင်း**

ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ မြို့ရွာများတွင် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ ရေပက်ဖျန်းကြခြင်းက မြန်မာ့စည်းလုံးညီညွတ်မှုကို ပြသနေသည့် ပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။

**လမ်းလျှောက်သင်္ကြန်၏ ခေတ်မီဆန်းသစ်သော အလှတရား**

မြို့ကြီးများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည့် လမ်းလျှောက်သင်္ကြန်များသည် မိသားစုများ၊ သူငယ်ချင်းများ စုပေါင်းကာ လုံခြုံစိတ်ချစွာ လမ်းလျှောက်ရင်း ရေကစားနိုင်သည့် ယဉ်ကျေးမှုအသစ်တစ်ခုအဖြစ် ထင်ရှားလာပါသည်။

**ရိုးရာမပျက် စတုဒိသာ ကျွေးမွေးလှူဒါန်းမှု**

သင်္ကြန်ကာလ၏ လှပသော ဓလေ့တစ်ခုမှာ လမ်းတိုင်း၊ မဏ္ဍပ်တိုင်းတွင် မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်းနှင့် ရိုးရာမုန့်များကို စတုဒိသာအဖြစ် စေတနာအပြည့်ဖြင့် ကျွေးမွေးလှူဒါန်းကြခြင်းဖြစ်ပါသည်။ ဤသည်မှာ မြန်မာတို့၏ ပေးကမ်းရက်ရောသော စိတ်ဓာတ်ကို ထင်ဟပ်စေပါသည်။

**ဘာသာရေးနှင့် ကုသိုလ်ပွဲတော် အနှစ်သာရ**

သင်္ကြန်ကာလသည် ပျော်ရွှင်မှုသက်သက်သာမက ဘုရားကျောင်းကန်၊ ဓမ္မာရုံများတွင် ဥပုသ်သီလ ဆောက်တည်ခြင်း၊ သက်ကြီးပူဇော်ပွဲများ ကျင်းပခြင်းတို့ဖြင့် ကုသိုလ်ယူကြသည့် ဘာသာရေးအရလည်း အလွန်လေးနက်သော ကာလဖြစ်ပါသည်။

**အေးမြသော ရေစင်နှင့် မေတ္တာဓာတ်**

သင်္ကြန်ရေသည် ပူပြင်းမှုကို အေးမြစေရုံသာမက တစ်ဦးနှင့်တစ်ဦးအကြားရှိသော အာဃာတများကို ချေဖျက်ပေးသည့် မေတ္တာရေစင်လည်း ဖြစ်ပါသည်။ ရေပက်ခံသူနှင့် ရေပက်သူအကြား ပြုံးရွှင်သော မျက်နှာများက ငြိမ်းချမ်းရေးကို ဖော်ဆောင်နေပါသည်။

**ယဉ်ကျေးမှု ဖျော်ဖြေရေးနှင့် သဘင်ပညာ**

သင်္ကြန်မဏ္ဍပ်များတွင် တင်ဆက်ကြသော ယဉ်ကျေးမှုအကအလှများ၊ သံချပ်များမှာ မြန်မာ့ရိုးရာအနုပညာကို ဖော်ထုတ်ပြသခြင်းဖြစ်ပြီး ပြည်သူတို့၏ အသံကို ဖော်ညွှန်းနေသည့် ကြေးမုံပြင်များသဖွယ် တည်ရှိနေပါသည်။

**လူငယ်နှင့် လူကြီးများအကြား အပြန်အလှန် လေးစားမှု**

သင်္ကြန်ကာလတွင် လူငယ်များက လူကြီးမိဘများကို ခေါင်းဆေးမင်္ဂလာ ပြုလုပ်ပေးခြင်း၊ ခြေသည်းလက်သည်း ညှပ်ပေးခြင်းဖြင့် ပူဇော်ကြခြင်းမှာ မြန်မာ့ယဉ်ကျေးမှု၏ အလွန်လှပသော သက်ကြီးပူဇော်ပွဲ ဓလေ့တစ်ခု ဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင်နှင့် ရေကို တန်ဖိုးထားသုံးစွဲမှု**

သင်္ကြန်ကာလအတွင်း ပျော်ရွှင်စွာ ရေကစားကြရာတွင်လည်း ရေကို အလဟဿမဖြစ်စေဘဲ စနစ်တကျ အသုံးချခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးထားခြင်းမှာ ခေတ်မီသော ပြည်သူတို့၏ တာဝန်ဖြစ်ပါသည်။

**မိသားစု ပြန်လည်ဆုံစည်းရာ အချိန်အခါ**

အဝေးရောက်သားသမီးများ မိသားစုထံ ပြန်လည်ရောက်ရှိလာကြပြီး မိသားစု စုံစုံလင်လင်ဖြင့် ဆွမ်းလောင်းခြင်း၊ အတူတူ ထမင်းလက်ဆုံစားခြင်းတို့က သင်္ကြန်ကို ပိုမိုနွေးထွေးစေပါသည်။

**တိုင်းရင်းသားတို့၏ ရိုးရာသင်္ကြန်များ**

ဗမာလူမျိုးများသာမက ရှမ်း၊ မွန်၊ ရခိုင် စသည့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ဟန်ဖြင့် ကျင်းပသော သင်္ကြန်ပွဲတော်များသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု စုံလင်မှုကို ပိုမိုတောက်ပစေပါသည်။

**စည်းကမ်းပြည့်ဝသော ပျော်ရွှင်မှု**

အစိုးရက သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာကာ ယဉ်ယဉ်ကျေးကျေး ရေကစားခြင်းဖြင့် မိမိတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ကမ္ဘာ့အလယ်တွင် မြှင့်တင်နိုင်မည် ဖြစ်ပါသည်။

**စီးပွားရေးနှင့် ဒေသထွက်ကုန်များ အရောင်းအဝယ်သွက်ခြင်း**

သင်္ကြန်ကာလတွင် ခရီးသွားလာမှုများပြားခြင်းကြောင့် ဒေသထွက်ကုန်များနှင့် လက်မှုပညာပစ္စည်းများ အရောင်းအဝယ်ကောင်းမွန်ကာ ဒေသခံပြည်သူတို့၏ စီးပွားရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပါသည်။

**ငြိမ်းချမ်းရေးနှင့် အေးချမ်းသာယာသော သင်္ကြန်**

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ကင်းဝေးပြီး အေးချမ်းစွာ ပျော်ရွှင်နေကြသော မြင်ကွင်းသည် နိုင်ငံတော်က လိုလားသော ငြိမ်းချမ်းရေး၏ အသီးအပွင့်များပင် ဖြစ်ပါသည်။

သို့ပါ၍ တန်ခူးလနှင့် မဟာသင်္ကြန်ပွဲတော်သည် မြန်မာတို့၏ ဘဝ၊ ယဉ်ကျေးမှုနှင့် စိတ်ဓာတ်တို့ ပေါင်းစည်းရာ အခါသမယဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ အမြော်အမြင်ရှိသော စီစဉ်မှုများ၊ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ဂရုပြုမှုများအောက်တွင် ပြည်သူလူထုတစ်ရပ်လုံး စည်းလုံးညီညွတ်စွာဖြင့် ပျော်ရွှင်ကြည်နူးဖွယ်ရာ ဆင်နွှဲနိုင်ကြမည် ဖြစ်ပါသည်။ ပူပြင်းလှသော နွေအပူကို သင်္ကြန်ရေစင်ဖြင့် အေးမြစေသကဲ့သို့ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောကာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဆီသို့ ပြည်သူအားလုံး လက်တွဲညီညီဖြင့် လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

**❝ တန်ခူးလနှင့် မဟာသင်္ကြန်ပွဲတော်သည် မြန်မာတို့၏ ဘဝ၊ ယဉ်ကျေးမှုနှင့်စိတ်ဓာတ်တို့ ပေါင်းစည်းရာ အခါသမယဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ အမြော်အမြင်ရှိသော စီစဉ်မှုများ၊ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ဂရုပြုမှုများအောက်တွင် ပြည်သူလူထုတစ်ရပ်လုံး စည်းလုံးညီညွတ်စွာဖြင့် ပျော်ရွှင်ကြည်နူးဖွယ်ရာ ဆင်နွှဲနိုင်ကြမည်ဖြစ်ပါသည်။ ပူပြင်းလှသော နွေအပူကို သင်္ကြန်ရေစင်ဖြင့် အေးမြစေသကဲ့သို့၊ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောကာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဆီသို့ ပြည်သူအားလုံး လက်တွဲညီညီဖြင့် လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ် ❞**

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၃**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်မှ ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်ပွဲတော်တွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြရာ ပြည်ထဲရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရုံးအမှတ် (၁၈) ရှိ ပြည်ထဲရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူနှင့်ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် စိုးလှိုင်နှင့်ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ တပ်ဖွဲ့ဝင်နှင့်ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ ယိမ်းအကအဖွဲ့များ စုံညီစွာ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်တို့က ပြည်ထဲရေးဝန်ကြီးဌာနမိသားစုမြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ယာပုံ)

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး ဦးဆောင်သောအဖွဲ့က ယိမ်းအကအဖွဲ့များနှင့် တက်ရောက်လာကြသူ များကို အတာသင်္ကြန်ရေဖြင့် ပက်ဖျန်းပေးပြီး တပ်ဖွဲ့/ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ၊ မိသားစုဝင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အတာသင်္ကြန်ပွဲတော်အား ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေသော ရေအား၊ ဆိုလာ၊ လေအားနှင့် LNG သုံးဓာတ်အားပေးစက်ရုံစီမံကိန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် ဆွေးနွေး

**နေပြည်တော် ဧပြီ ၁၃**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးပုဂ္ဂိုလ် H.E. Mr. Anton Kobyakov နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. S.E.Tsivilev တို့၏ ဖိတ်ကြားမှုအရ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် ၂၀၂၆ ခုနှစ် ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရုတ်နိုင်ငံမှတစ်ဆင့် သွားရောက်ရန်အတွက် ဧပြီ ၁၂ ရက် မွန်းလွဲပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ကူမင်းမြို့သို့ ညနေပိုင်းတွင်ရောက်ရှိရာ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Liu Yong ဦးဆောင်သောအဖွဲ့က အလုပ်သဘောညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ညစာစားပွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့သို့ရောက်ရှိနေစဉ်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်အစိုးရပိုင်ကုမ္ပဏီများဖြစ်သည့် China Southern Power Grid၊ Yunnan Energy Group၊ Union Resources & Engineering Co., Ltd. ၊ Yunnan Xianshang Export and Import Co.,Ltd. တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။



China Southern Power Grid နှင့် တွေ့ဆုံဆွေးနွေးရာတွင် တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းဆောင်ရွက်နေမှု၊ မဲခေါင်မြစ်ကြောင်းတစ်လျှောက် မြန်မာ-လာအို နယ်စပ်တွင် ရေအားလျှပ်စစ်စီမံကိန်းများ စူးစမ်းလေ့လာမှု လုပ်ငန်းဆောင်ရွက်ရန် စီမံထားရှိမှု၊ လာအို-မြန်မာနယ်စပ် မဲခေါင်မြစ်တစ်လျှောက်တွင် ရေအားလျှပ်စစ်စီမံကိန်းများ စူးစမ်းလေ့လာမှု လုပ်ငန်းဆောင်ရွက်ရန် စီမံထားရှိမှု၊ လာအို-မြန်မာ ဖြတ်ကျော်ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံမြောက်ပိုင်း ရေအားလျှပ်စစ်စီမံကိန်းများ ပြီးစီးပါက တောင်ပိုင်းဓာတ်အားသုံးစွဲသည့် ဒေသများသို့ ဓာတ်အားပေးပို့နိုင်ရေးအတွက် ဓာတ်အားလိုင်းကွန်ရက်တည်ဆောက်ရန် ကြိုတင်အစီအမံပြုလုပ်၍ စီမံချက်ရေးဆွဲသွားရန် လိုအပ်မှု အခြေအနေ၊ ရန်ကုန်မြို့တွင်း ဓာတ်အားဖြန့်ဖြူးရေးတွင် ဓာတ်အားပျောက်ဆုံးမှုလျော့ကျစေရေး ဦးစားပေးဆောင်ရွက်လိုသည့် အခြေအနေ၊ စက်သုံးဆီသုံးစွဲမှု လျော့ကျစေရေး EV Charging Stations များကို ဆိုလာနှင့်ပေါင်းစပ်ပြီး မြန်မာဓာတ်အားစနစ်နှင့် ကိုက်ညီသည့် လက်တွေ့ကျသည့် System Design တစ်ခုကို ဆောင်ရွက်သွားလိုသည့် အခြေအနေနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**တွေ့ဆုံဆွေးနွေး**

Yunnan Energy Group၊ Union Resources & Engineering Co.,Ltd. နှင့် တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံတွင် နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင် တို့ဖြင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်မည့်အခြေအနေ၊ ကုမ္ပဏီမှ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေသော ရေအား၊ ဆိုလာ၊ လေအားနှင့် LNG သုံးဓာတ်အားပေးစက်ရုံစီမံကိန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်းကောင်း၊ Yunnan Xianshang Export and Import Co.,Ltd. နှင့် တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံအတွင်းသို့ စက်သုံးဆီတင်သွင်းရာတွင် သက်သာသောနှုန်းထားဖြင့် ရေရှည်တင်သွင်းနိုင်ရေးကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ အိုးစည် ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားပြောကြားကာ အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုကြစဉ်။

❖ *ကျောဖုံးမှ*

ဆင်းနားသည် ယခုပြိုင်ပွဲမတိုင်မီ ကျင်းပခဲ့သည့် အင်ဒီးယန်းဝဲလ်စ်အိုးပင်းနှင့် မိုင်ယာမီအိုးပင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် မက်ဗီဒက်ဗ်နှင့် လီဟက်ကာတို့ကို အနိုင်ယူကာ ဖလားဆွတ်ခူးထားနိုင်သူဖြစ်သည်။ Monte Carlo Masters ပြိုင်ပွဲသည် Masters 1000 အဆင့်ရှိ ပြိုင်ပွဲအမျိုးအစားဖြစ်သည်။ ထို့ပြင် အင်ဒီးယန်းဝဲလ်စ်အိုးပင်းနှင့် မိုင်ယာမီအိုးပင်းပြိုင်ပွဲတို့သည်လည်း Masters 1000 အဆင့်ရှိ ပြိုင်ပွဲအမျိုးအစားဖြစ်သည်။

ထို့ကြောင့် အသက် ၂၄ နှစ်အရွယ် ဆင်းနားသည် ၂၀၁၅ ခုနှစ်က နိုဗက်ဂျိုကိုဗစ် နောက်ပိုင်း တစ်နှစ်တာကာလအတွင်း အစောဆုံးကျင်းပပြုလုပ်သည့် Masters 1000 အဆင့်ရှိ ပြိုင်ပွဲသုံးခုစလုံးတွင် ဗိုလ်စွဲနိုင်ခဲ့သည့် ဒုတိယမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

**အောင်ဇော်**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၃**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်မှ ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းမည့် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာအတာသင်္ကြန်ပွဲတော် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှေ့ရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်များမှ သင်္ကြန်ယိမ်းအဖွဲ့များ၊ နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်္ကြန်ကို ချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ အနုပညာဦးစီးဌာနမှ တက္ကသိုလ်အားမာန က ၁၃၈၇ ခုနှစ် နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်ပွဲတော် နှစ်သစ်ကူးမင်္ဂလာပိုဒ်စုံရတုကို



ဖတ်ကြားပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းတို့က နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဓာတ်ပုံ)

ယင်းနောက် သင်္ကြန်ယိမ်းအကအဖွဲ့များက မြူမှောင်ဝေကင်းသီချင်းဖြင့် စုပေါင်းသီဆို ကပြဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်တို့က သင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များကို သပြေခက်ဖြင့် အတာသင်္ကြန်ရေပက်ဖျန်းပေးကြသည်။

ယနေ့တွင် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ နိုင်ငံကျော်အနုပညာရှင်များ၊ ဘယ်လာရုစ်နိုင်ငံမှ အနုပညာရှင်များ၊ ဝန်ကြီးဌာနနှင့် အသင်းအဖွဲ့များ၊ ခရိုင်/မြို့နယ်များမှ သင်္ကြန်ယိမ်းအကအဖွဲ့များက မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး အဆိုပါ သီဆိုကပြဖျော်ဖြေတင်ဆက်မှုများကို ယနေ့ သင်္ကြန်အကြိုနေ့မှ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၃**

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်မှ ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်္ကြန်မဏ္ဍပ်များ၌ ကျင်းပသည်။

ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ကျောက်တံတားမြို့နယ် မြို့တော်ခန်းမ မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့်ဇနီး၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊



ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဌာနများမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)တို့မှ တာဝန်ရှိသူများနှင့် အနုပညာရှင်များ၊ ယိမ်းအဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ် ရေသဘင်ပွဲတော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တေးသံရှင်များ၊ ယိမ်းအဖွဲ့များ၊ ကိုရီးယား K-Pop အနုပညာရှင်များက သီဆိုကပြဖျော်ဖြေကြသည်။ ထို့နောက် ယိမ်းအဖွဲ့များက ကပြယှဉ်ပြိုင်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် သဘင်အစည်းအရုံးတို့က ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်အတွင်း လမ်းလျှောက်သင်္ကြန်ပွဲတော် ဖွင့်ပွဲကိုကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများ တက်ရောက်ကြသည်။

လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေသဘင်ပွဲတော်ဆင်နွှဲနိုင်ရန် ပြည်သူ့ရင်ပြင်အတွင်း မဟာသင်္ကြန် ဖျော်ဖြေရေးမဏ္ဍပ်များနှင့် လမ်းလျှောက်ရေကစားမဏ္ဍပ်များအပြင် စားသောက်ဆိုင်ခန်းများကိုလည်း ဖွင့်လှစ်ထားသည်။

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် အကြိုနေ့တွင် ရန်ကုန်မြို့ရှိ ဦးဝိစာရအဝိုင်းမှ ပြည်လမ်းအထိ၊ အလုံလမ်း တစ်လျှောက် ရေကစားမဏ္ဍပ်များ၊ လှိုင်မြို့နယ် တက္ကသိုလ်အဝင်လမ်းရှိ ဖျော်ဖြေရေးမဏ္ဍပ်များနှင့် လမ်းလျှောက် ရေကစားမဏ္ဍပ်များ၊ မြကျွန်းသာ အပန်းဖြေဥယျာဉ်အတွင်း မူလဟန်ပန်နွေသင်္ကြန် ဖျော်ဖြေရေးမဏ္ဍပ်၊ ရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်ရေကစားမဏ္ဍပ်များ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ ဗိုလ်တထောင်ခရိုင် သင်္ကြန်ဗိုလ် အတာရေသဘင် မြန်မာ့ရိုးရာ သင်္ကြန်မဏ္ဍပ်နှင့် လမ်းလျှောက် သင်္ကြန်ရေကစားမဏ္ဍပ် စသည့် ရေကစားမဏ္ဍပ်များ၊ ခရိုင်ဇုန်များရှိ ရေကစားမဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန် ရေကစားမဏ္ဍပ်များကို ဖွင့်လှစ်ထားရှိရာ တိုင်းဒေသကြီးအတွင်းရှိ အတာရေသဘင်ပွဲတော် ဆင်နွှဲကြသည့် ပြည်သူများက နှစ်သစ်ကူးမဟာသင်္ကြန် ရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ - ဇွဲမာန်/ဇော်မင်းလတ်**

---

# အင်းလေးရေပေါ်သင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ

**ညောင်ရွှေ ဧပြီ ၁၃**

အင်းလေးဒေသ ခရီးသွားလုပ်ငန်းမြှင့်တင်ရန်၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို တစ်မူထူးခြားစွာ ဆင်ယင်ကျင်းပရန်၊ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေစေရန်၊ အင်းသားတို့၏ ဓလေ့ရိုးရာများကို တွေ့မြင်ခံစားနိုင်စေရန် ၁၃၈၇ ခုနှစ် အင်းလေးရေပေါ်သင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့မဟာသင်္ကြန်အကြိုနေ့ နံနက် ၁၀ နာရီက ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်းရှိ ရေလည်ဧည့်ခန်းမ (ရေလယ်ဗိုလ်တဲ)၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ရေပေါ်သင်္ကြန် ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ယိမ်းအကအဖွဲ့များက မြူမှောင်ဝေကင်းသီချင်းဖြင့် ညီညာလှပစွာ ကပြတင်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ပွဲတော်တက်ရောက်လာသူများ၊ ယိမ်းအကအဖွဲ့များနှင့် လာရောက်လည်ပတ်ကြသူများကို အတာရေစင်ပက်ဖျန်းပြီး ယိမ်းအဖွဲ့များ၊ နိုင်ငံကျော်တေးသံရှင်များ၏ အကအလှများ၊ တေးသံသာများဖြင့် ကပြ၊ သီဆိုဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



# မွန်ပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်လှစ်

**မော်လမြိုင် ဧပြီ ၁၃**

မွန်ပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကို ယနေ့သင်္ကြန်အကြိုနေ့ ညနေပိုင်းက မော်လမြိုင်မြို့ ကမ်းနားလမ်း ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တာဝန်ရှိသူ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(ယာပုံ)** ဓီဝိတဒါနအဖြစ် ငှက်လွှတ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် သင်္ကြန်ယိမ်းအကအဖွဲ့များက သင်္ကြန်သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ တာဝန်ရှိသူ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးပြီး တက်ရောက်လာကြသော ဧည့်ပရိသတ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ မွန်ပြည်နယ် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြန်မာ့ရိုးရာသနပ်ခါးသင်္ကြန်ပွဲတော်၊ လက်ဖက်သင်္ကြန်ပွဲတော်နှင့် ထမနဲသင်္ကြန်ပွဲတော်တို့ကို အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကာ စတုဒိသာ ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**




# သင်္ကြန်အကြိုနေ့တွင် နေပြည်တော်လမ်းလျှောက်သင်္ကြန် လာရောက်လည်ပတ်ကြသူများဖြင့် စည်ကား

**နေပြည်တော် ဧပြီ ၁၃**

ယခုနှစ် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာမဟာကြန်ပွဲတော်ကို သာမန်ပွဲတော် တစ်ခုထက်ပို၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်သူများအားလုံးပူးပေါင်းပြီး စိတ်သစ်၊ လူသစ်၊ နိုင်ငံရေး အခင်းအကျင်းသစ်များဖြင့် အတူတကွ ပျော်ရွှင်စွာဆင်နွှဲနိုင်ရန်၊ အနှစ်သာရရှိသည့် မြန်မာ့ရိုးရာပွဲတော်တစ်ခုဖြစ်စေရန် ရည်ရွယ်ကျင်းပရာ ယနေ့သင်္ကြန်အကြိုနေ့တွင် နေပြည်တော် ရင်ပြင်၌ ကျင်းပသည့် နေပြည်တော်လမ်းလျှောက်သင်္ကြန်ကို လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် မြန်မာ့ရိုးရာ သနပ်ခါးနှင့် လက်ဖက်ပွဲတော်မဏ္ဍပ်၊ ထမနဲမဏ္ဍပ်၊ ဝန်ကြီးဌာနအလိုက် သင်္ကြန်မဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ ပါဝင်သည့်အပြင် ရေကစားမဏ္ဍပ်များ၌ နိုင်ငံကျော်အနုပညာရှင်များ၊ တေးသံရှင်များ၊ ဘယ်လာရုစ်နိုင်ငံမှ အနုပညာရှင်များက DJ, Music Band များနှင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုကပြဖျော်ဖြေပေးကြသည်။

ထိုသို့ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို နေပြည်တော်လမ်းလျှောက်သင်္ကြန်သို့ လာရောက်လည်ပတ်ရေကစားကြသည့် ဝန်ထမ်းများ၊ ပြည်သူများက လိုက်ပါသီဆို ကခုန်ကြရင်း သင်္ကြန်အကြိုနေ့ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြသည်။

အလားတူ ဝန်ကြီးဌာနများအလိုက် မြန်မာ့ရိုးရာမဟာသင်္ကြန်ရေကစားမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်တို့၌ နေပြည်တော်လမ်းလျှောက်သင်္ကြန်သို့ လာရောက်လည်ပတ်ကြသူများကို မြန်မာ့ရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးကြရာ လာရောက်စားသုံးကြသူများဖြင့် စည်ကားခဲ့သည်။

မဟာသင်္ကြန်ရက်များအတွင်း နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုများနှင့် နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ပြည်သူအကြိုက်တေးသီချင်းများဖြင့် ရက်အလိုက် သီဆိုဖျော်ဖြေသွားကြမည်ဖြစ်ပြီး နေပြည်တော် လမ်းလျှောက်သင်္ကြန်သို့ လာရောက်လည်ပတ်ကြမည့် ပြည်သူများအား ရွှေသံလွင်မိသားစုက စတုဒိသာ အကျွေးအမွေးများဖြင့် ဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။



ယနေ့သင်္ကြန်အကြိုနေ့တွင် နေပြည်တော်ရှိ အများပြည်သူများ အနားယူအပန်းဖြေနိုင်သည့် နေပြည်တော် ရေပန်းဥယျာဉ်၊ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် စသည့်နေရာများတွင် လည်ပတ်အနားယူအပန်းဖြေကြသည့် ပြည်သူများဖြင့် စည်ကားခဲ့သည့်အပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ သံဝေဇနီယလေးဌာန၊ ဓာတုဇယဓာတ်ပေါင်းစု စေတီတော်၊ ရန်အောင်မြင်ရွှေလက်လှစေတီတော် စသည့် ဘုရားစေတီများ၌လည်း ကုသိုလ်ပြုသူများဖြင့် စည်ကားခဲ့သည်။

**မင်းကျော်စွာ**
**ဓာတ်ပုံ-ကျော်ကြီး၊ ဖိုးပြည့်စုံ**

❒ *ကျောဖုံးမှ*

ဗဟိုမဏ္ဍပ်ကြီး ဖွင့်လှစ်ပြီးသည်နှင့်တစ်ပြိုင်နက် နိုင်ငံကျော်အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများ၊ မြန်မာ့ဆိုင်းဝိုင်းအဖွဲ့၏ ရိုးရာတီးခတ်မှုများနှင့်အတူ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို လာရောက်ကြသည့် မန္တလေးဒေသခံများ၊ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ၊ ရေပက်ခံထွက်သူများ၊ လမ်းလျှောက်ရေကစားသူများဖြင့် ကျုံးပတ်လည်တစ်လျှောက် စည်ကားခဲ့သည်။ **(ယာပုံ)**

ယခုနှစ် မန္တလေးလမ်းလျှောက်သင်္ကြန်၏ ထူးခြားချက်မှာ မော်တော်ယာဉ်များကို ကျုံးပတ်လည်သို့ ဝင်ရောက်ခွင့်မပြုဘဲ လမ်းလျှောက်သင်္ကြန်အဖြစ်သာ သီးသန့်ဖော်ဆောင်ထားသည့်အတွက် ပြည်သူများအနေဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းစွာ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသည်။

ကျုံးပတ်လည်တစ်လျှောက်တွင်လည်း မဏ္ဍပ်ကြီး ၁၇ ခုနှင့် မဏ္ဍပ်အသေး ၂၈ ခုတို့ကို အစီအစဉ်တကျ နေရာချထားရာ ကျုံးအရှေ့ဘက်ခြမ်းဖြစ်သည့် (၆၆) လမ်းတွင် မဏ္ဍပ်ကြီး ငါးခု၊ မဏ္ဍပ်အသေး လေးခု၊ အဓိကကျသည့် ကျုံးတောင်ဘက်အခြမ်း (၂၆) လမ်းတွင် ဗဟိုမဏ္ဍပ်ကြီး အပါအဝင် မဏ္ဍပ်ကြီး ခြောက်ခု၊ မဏ္ဍပ်အသေး ၁၃ ခု၊ ကျုံးအနောက်ဘက်ခြမ်းတွင် ဈေးချိုသူမဏ္ဍပ် အပါအဝင် မဏ္ဍပ်ကြီး သုံးခုနှင့် မဏ္ဍပ်အသေး ခုနစ်ခု၊ ကျုံးမြောက်ဘက်ခြမ်းတွင် မဏ္ဍပ်ကြီး သုံးခုနှင့် မဏ္ဍပ်အသေး လေးခုတို့ဖြင့် သင်္ကြန်ပွဲတော်ကို စည်ကားစွာဆင်နွှဲကြသည်။

ယခုနှစ်ပွဲတော်တွင် တိုင်းရင်းသားရိုးရာမဏ္ဍပ်များကို ထည့်သွင်းတည်ဆောက်ထားပြီး အဆိုပါမဏ္ဍပ်များတွင် တိုင်းရင်းသားများ၏ ရိုးရာအကအလှများကို ကပြဖျော်ဖြေနေကြသည့်အပြင် တိုင်းရင်းသားရိုးရာ အစားအစာများကိုပါ စတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းခြင်းကြောင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ပြည်သူများသည် ပျော်ရွှင်စွာ သင်္ကြန်ရေကစားရင်း ရိုးရာအစားအစာများကို သုံးဆောင်ကြသည်။



ထို့ပြင် (၇၃) လမ်းပေါ်ရှိ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်၌လည်း Floating Street ဇုန်၊ Star Light Street ဇုန်၊ Flower Street ဇုန်နှင့် Water Street ဇုန် စသည်ဖြင့် ဇုန်များအလိုက် သတ်မှတ်ဆောင်ရွက်ထားရှိရာ လာရောက်ဆင်နွှဲကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မန္တလေးကျုံးအနောက်ဘက်တွင် တည်ဆောက်ထားသည့် ဈေးချိုသူရေကစားမဏ္ဍပ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများ၊ ယဉ်ကျေးမှုမြို့တော်ဖြစ်သော မန္တလေးမြို့ကို ဖော်ကျူးသီဆိုထားသည့် တေးသီချင်းများတွဲဖက်၍ လှပညီညာစွာ ကပြဖျော်ဖြေကြသည့် ယိမ်းအဖွဲ့များနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့် သင်္ကြန်ချစ်သူပြည်သူများအား မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေတင်ဆက်ကြရာ လာရောက်ရေကစားပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားခဲ့သည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ပဲခူးမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန် ဖွင့်ပွဲအခမ်းအနား ကျင်းပ



**ပဲခူး ဧပြီ ၁၃**

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဥပဒေချုပ်၊ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ယိမ်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် မြို့မိ/မြို့ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ယိမ်းအဖွဲ့များက သီဆိုကပြဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက တက်ရောက်လာကြသူများ၊ ယိမ်းအဖွဲ့များကို အမွှေးနံ့သာရည်နှင့် အတာသင်္ကြန်ရေပက်ဖျန်းပေးကာ ပြည်သူများနှင့်အတူ လမ်းလျှောက်သင်္ကြန်၊ သနပ်ခါး ယဉ်ကျေးမှုပွဲတော်၊ လက်ဖက်ယဉ်ကျေးမှုပွဲတော်နှင့် စတုဒိသာ ကျွေးမွေးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် ဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ နိုင်ငံကျော်အဆိုတော်များက သီဆိုကပြ ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာအတာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲများ ပြုလုပ်

**နေပြည်တော် ဧပြီ ၁၃**

သင်္ကြန်ဟူသည်မှာ "သင်္ကန္တ" ဆိုသောပါဠိပုဒ်မှ ဆင်းသက်လာပြီး " ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း" ဟုအနက်အဓိပ္ပာယ်ရကာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့သော နှစ်ကူးချိန်ခါမင်္ဂလာအခါသမယတွင် နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းပျောက်၍ ကောင်းခြင်းမင်္ဂလာတို့ ရောက်ရှိလာစေရန် ရည်သန်၍ ရေစင်ရေသန့်တို့ဖြင့် ပက်ဖျန်းလေ့ရှိကြပြီး ရေသည် အကြားအလပ်မရှိ ပြင်ညီတစ်သားတည်း သဘောရှိသည့်အလျောက် လူတစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ စည်းလုံးညီညွတ်ချစ်ခင်စွာ နေထိုင်ဆက်ဆံစေလိုခြင်းဟူသော သဘောဆောင်သည့်အတွက် နွေရာသီအပူများကို အေးမြစေကြောင်း ရေပက်ဖျန်း၍ မြန်မာ့ရိုးရာ အတာရေသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းလုံးတွင် ခြိမ့်ခြိမ့်သဲသဲဖြင့် ပျော်ရွှင်စွာဆင်နွှဲလေ့ရှိကြသည်။



မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်မှ ၁၃၈၈ ခုနှစ်သို့ ကူးပြောင်းမည့် နှစ်သစ်အခါသမယတွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ ယဉ်ကျေးသိမ်မွေ့ပြီး အေးချမ်းသာယာသည့် နှစ်သစ်ကူးအတာသင်္ကြန်အဖြစ်ကျင်းပ၍ နှစ်သစ်အတာကူးကြသည်။

ထိုသို့ နှစ်သစ်ကူးအခါသမယဖြစ်သော ယနေ့တွင်ကျရောက်သည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြိုနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ရေကစားမဏ္ဍပ်ဖွင့်ပွဲများကို ကျင်းပပြုလုပ်ကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် စုပေါင်းအတာရေသဘင်မဏ္ဍပ်၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာအတာသင်္ကြန်ဗဟိုမဏ္ဍပ်၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နှစ်ဦးအားမာန် နေဝန်းနီသင်္ကြန်အတာရေကစားမဏ္ဍပ်အားလည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ရွှေနေကြာသင်္ကြန်မဏ္ဍပ်၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ်၊ ခိုလမ်မြို့ဗဟိုမဏ္ဍပ်၊ နမ့်စန်မြို့နယ် ဗဟိုမဏ္ဍပ်နှင့် နမ့်စန်တပ်နယ်ဗဟိုမဏ္ဍပ်တို့၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံမိသားစုမဟာသင်္ကြန်မဏ္ဍပ်၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာမဟာအတာသင်္ကြန် ရေကစားမဏ္ဍပ်၌လည်းကောင်း၊ မြိတ်မြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ်၊ ကမ်းနားလမ်းရှိ လမ်းလျှောက်သင်္ကြန်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ပုလဲရွှေပြည်ရေကစားမဏ္ဍပ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ မိသားစုမဟာသင်္ကြန်ရေသဘင်ပွဲတော်မဏ္ဍပ်တို့၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ်၌လည်းကောင်း၊ စစ်တွေမြို့ရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်နှင့် စစ်တွေတပ်နယ်မဟာသင်္ကြန်မဏ္ဍပ်တို့၌လည်းကောင်း၊ မုံရွာမြို့ ဗဟိုမဏ္ဍပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ်တို့၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့သူဖျော်ဖြေရေးမဏ္ဍပ်၊ မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်နှင့် မင်္ဂလာမန္တလေးမဟာသင်္ကြန်မဏ္ဍပ်တို့၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌လည်းကောင်း အသီးသီးပြုလုပ်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတာသင်္ကြန်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ယိမ်းအကအလှများဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့် ပျော်ရွှင်စွာ ရေပက်ကစားခြင်းတို့ဖြင့် အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဝန်းသိုမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲကျင်းပ

**ဝန်းသို ဧပြီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့၌ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်းရှေ့ အတာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် ယနေ့ ညနေ ၄ နာရီက ကျင်းပရာ ကောလင်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်းက ယခုနှစ်မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်၌ ယိမ်းအဖွဲ့များ၏ ဖျော်ဖြေရေးအစီအစဉ်များအပြင် လမ်းလျှောက်သင်္ကြန်နှင့် စတုဒိသာကျွေးမွေးခြင်းများကို သင်္ကြန်အကျနေ့၊ အကြတ်နေ့၊ အတက်နေ့များတွင် စီစဉ်ဆောင်ရွက်ထားပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း နှစ်သစ်မင်္ဂလာနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ယိမ်းအကအဖွဲ့များက မြူမှောင်ဝေကင်းသီချင်းဖြင့် ကပြဖျော်ဖြေပြီး ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ကာ အမှတ်(၃၃၂) နည်းဗျူဟာမှူး ဗိုလ်မှူးကြီး အောင်ဇော်လင်း၊ ကောလင်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်းနှင့် အတွင်းရေးမှူး ဒုတိယရဲမှူးကြီး အောင်မျိုးသူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အတာရေပက်ဖျန်းပေးသည်။ ဆက်လက်၍ သင်္ကြန်ယိမ်းအကအဖွဲ့များက ကပြဖျော်ဖြေခဲ့ကြရာ တာဝန်ရှိသူများနှင့် သင်္ကြန်ချစ်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

ဝန်းသိုမြို့၌ ယခုနှစ်မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက်ထိန်းသိမ်းကြစေရန်နှင့် ပြည်သူများရွှင်လန်းချမ်းမြေ့စွာဖြင့် အတာရေသဘင်ပွဲကို ယဉ်ကျေးသိမ်မွေ့စွာပါဝင်ဆင်နွှဲနိုင်ကြစေရန်အတွက် ဗဟိုရေကစားမဏ္ဍပ်တွင်



မဟာသင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ ဖျော်ဖြေရေးအစီအစဉ်များနှင့် သင်္ကြန်ယိမ်းအကအဖွဲ့များက ကပြဖျော်ဖြေခြင်း၊ လမ်းလျှောက်သင်္ကြန်ကျင်းပခြင်း၊ ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်အလှူရှင်များစုပေါင်း၍ စတုဒိသာမုန့်များဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေးအသိပေးနှိုးဆော်ချက်

၂၀၂၆ ခုနှစ် ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြနိုင်ရေး အောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှကာကွယ်ရန်အတွက် နေ့လယ်ပိုင်း နေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့်နေရာများတွင် နားနေပါ၊ အပြင်ထွက်ပါက (ထီး၊ ဦးထုပ် စသည်) တို့ကို အသုံးပြုပါ၊ ရေဓာတ်ခန်းခြောက်မှုမှ ကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ၊ အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမိုပြင်းထန်စွာခံစားရနိုင်သည်ကို အထူးသတိပြုပါ၊

(ခ) ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေးဆောင်ရွက်ပါ၊ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ၊ ရေကစားရာတွင် မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ရေများမဝင်အောင် သတိပြုပါ၊ ဖိအားမြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများ ကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်၍ သတိထားပါ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ၊ အရက်သေစာသောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ၊

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကို မကြာခဏဆေးကြောပါ၊ လတ်ဆတ်ပြီး သန့်ရှင်းသော အစားအစာများကိုသာ စားသုံးပါ၊ အစားအသောက်ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြု ဆောင်ရွက်ပါ၊ အစားအစာများကို ယင်နားခြင်းနှင့် အခြားအညစ်အကြေးများ မဝင်ရောက်နိုင်ရန် စနစ်တကျ ဖုံးအုပ်ပါ၊

(င) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်လှစ်

**မြစ်ကြီးနား ဧပြီ ၁၃**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ ဆွမ်ပရာဘွမ်လမ်းမပေါ်ရှိ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ဗဟိုမဏ္ဍပ်ရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်အား ဖွင့်လှစ်ကြောင်း ကြေညာပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျူ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်နှင့် ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ယိမ်းအဖွဲ့များက သင်္ကြန်တေးသီချင်းဖြင့် ကပြဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက ယိမ်းအဖွဲ့များကို လိုက်လံကြည့်ရှုအားပေးကြပြီး တက်ရောက်လာကြသော ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များကို အတာရေဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ဗဟိုမဏ္ဍပ်၌ ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှု၊ မလိခ Music Band နှင့် အတူ ဒေသခံအဆိုတော်များ၏ခေတ်ပေါ်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုများကို သင်္ကြန်ချစ်သူများ၊ ဒေသခံပြည်သူများနှင့်အတူ အားပေးကြည့်ရှုပြီး ကပြသီဆိုဖျော်ဖြေပေးကြသူများကို ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့ပြင် စတုဒိသာမဏ္ဍပ်များတွင် လာရောက်လည်ပတ်သူများကို မြန်မာ့ရိုးရာလက်ဖက်၊ သင်္ကြန်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**






## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲ တက်ရောက်

**ထားဝယ် ဧပြီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ထားဝယ်မြို့ မြို့တော်ခန်းမရှေ့ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန် ဖွင့်ပွဲ မင်္ဂလာ အခါတော်ကြားစာတမ်းအား ဖတ်ကြား၍နှုတ်ခွန်းဆက်သသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးတို့က ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တီးဝိုင်းအဖွဲ့နှင့် ယိမ်းအကအဖွဲ့များက သင်္ကြန်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ယိမ်းအကအဖွဲ့များအား သပြေခက်ဖြင့် အတာရေ ပက်ဖျန်းပေးကြပြီး ဒေသခံပြည်သူများနှင့်အတူ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပုသိမ် ဧပြီ ၁၃**

၁၃၈၇ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားအား ယနေ့ညနေပိုင်းက ပုသိမ်မြို့ ကမ်းနားလမ်း ရှုခင်းသာရင်ပြင်ရှိ ဗဟိုမဏ္ဍပ်၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဇနီး၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖျော်ဖြေရေးနှင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် မင်္ဂလာအခါတော်ကြားစာတမ်းအား မင်္ဂလာဘိသေကပညာရှင်က ဖတ်ကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က "မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား စတင်ဖွင့်လှစ်ကြောင်း" ကြေညာခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပုသိမ်လေတပ်စခန်း ဌာနချုပ်မှူး၊ စည်ပင်သာယာရေးဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထိန်ဝင်းတို့က သင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ဂုဏ်ပြုတေး မန်းတောင်ရိပ်ခိုသီချင်းဖြင့် ယိမ်းအဖွဲ့များက ကပြဖျော်ဖြေပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက ယိမ်းအဖွဲ့များအား ချစ်ကြည်ရင်းနှီးစွာဖြင့် အမွှေးနံ့သာ အတာရည်များ ပက်ဖျန်းပေးကြကာ တေးသံရှင်များနှင့် ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများနှင့် သနပ်ခါးမဏ္ဍပ်၊ ဟာလဝါမဏ္ဍပ်၊ ထမနဲမဏ္ဍပ်၊ လက်ဖက်မဏ္ဍပ်များကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ သင်္ကြန်ရေကစား မဏ္ဍပ်များကို လှည့်လည်ကြည့်ရှု အားပေးပြီး လူမှုရေးရာဌာန၊ အောင်ချမ်းမြေ့ရေသဘင်မဏ္ဍပ်ကို ဖွင့်လှစ်ပေး၍ ယိမ်းအဖွဲ့များအား ချစ်ကြည်ရင်းနှီးစွာဖြင့် အမွှေးနံ့သာ အတာရည်များ ပက်ဖျန်းပေးသည်။



၁၃၈၇ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် လမ်းလျှောက်သင်္ကြန်ပွဲတော် အပါအဝင် ဌာနဆိုင်ရာမဏ္ဍပ်များ၊ ရပ်ကွက်မဏ္ဍပ်များအပြင် သနပ်ခါးမဏ္ဍပ်၊ ဟာလဝါမဏ္ဍပ်၊ ထမနဲမဏ္ဍပ်၊ လက်ဖက်မဏ္ဍပ်တို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ဖျော်ဖြေရေးယိမ်းအဖွဲ့၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၏ ယိမ်းအကများ၊ နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး လာရောက်ရေကစားသည့် ပြည်သူများအား သင်္ကြန်ကာလအတွင်း စတုဒိသာများဖြင့် နေ့စဉ်ကျွေးမွေးဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## နွေစပါးရိတ်သိမ်းလျက်ရှိသည့် တောင်သူများအား စက်သုံးဆီများ ဖြန့်ဖြူးရောင်းချပေး

**ဝါးခယ်မ ဧပြီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ ကျေးရွာများမှ နွေစပါးရိတ်သိမ်းလျက်ရှိသည့် တောင်သူများအား စက်သုံးဆီများ စနစ်တကျ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ဝါးခယ်မမြို့နယ်အတွင်းရှိ ဆန်စက်လုပ်ငန်းရှင်များမှ Own PO ရရှိသည့် ပရီမီယံစက်သုံးဆီများအား နွေစပါးရိတ်သိမ်းမည့် တောင်သူများထံသို့ တစ်ကေလျှင် နှစ်ဂါလန်နှုန်းဖြင့် ကျေးရွာအုပ်စု ၁၂ ရှိ နွေစပါးရိတ်သိမ်း ကေ ၆၈၃၉ ကေအတွက် စက်သုံးဆီ ၁၃၆၇၈ ဂါလန်ကို စနစ်တကျ ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်သုံးဆီဖြန့်ဖြူးရောင်းချပေးနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး တောင်သူများ စနစ်တကျ ဝယ်ယူရရှိနိုင်ရန်လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**

# ကယားပြည်နယ် လွိုင်ကော်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲကျင်းပ



**လွိုင်ကော် ဧပြီ ၁၃**

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့ ကန္တရဝတီလမ်းမကြီးပေါ်တွင် ယနေ့နံနက်ကကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် လွိုင်ကော်မြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်အား လှည့်လည်ကြည့်ရှုအားပေးပြီး လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ဧည့်ပရိသတ်များကို အတာရေများ ပက်ဖျန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် လမ်းလျှောက်သင်္ကြန်အတွင်းရှိ ဝန်ကြီးဌာနကိုယ်စားပြုမဏ္ဍပ်များသို့လည်းကောင်း၊ သနပ်ခါးသင်္ကြန်မဏ္ဍပ်နှင့် လက်ဖက်သင်္ကြန်မဏ္ဍပ်များသို့လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ကယားပြည်နယ် လမ်းလျှောက်သင်္ကြန်တွင် သနပ်ခါးသင်္ကြန်မဏ္ဍပ်၌ သနပ်ခါးလိမ်းခြယ်ခြင်း၊ လက်ဖက်သင်္ကြန်မဏ္ဍပ်၌ မြန်မာ့ရိုးရာ လက်ဖက်များကို သင်္ကြန်ပွဲတော်သို့ လာရောက်ဆင်နွှဲသည့် ပြည်သူများအား တည်ခင်းဧည့်ခံကျွေးမွေးခြင်းနှင့် စတုဒိသာမဏ္ဍပ်များ၌မြန်မာ့ရိုးရာအစားအစာများကို တည်ခင်းဧည့်ခံကျွေးမွေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မကွေးမြို့၌ ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲကျင်းပ



**မကွေး ဧပြီ ၁၃**

မကွေးတိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မကွေးမြို့ ကမ်းနားလမ်း We Love Magway ကျောက်သားဥယျာဉ်အနီး၌ကျင်းပရာ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီနာယက၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ဌေး၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်သစ်ဆုတောင်းစကား ပြောကြားသည်။

ထို့နောက် မကွေးမြို့ လမ်းလျှောက်သင်္ကြန်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် ယိမ်းအဖွဲ့ဝင်များကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့က ကပြဖျော်ဖြေတင်ဆက်ကြသည့် ဖျော်ဖြေရေးအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ လမ်းလျှောက်သင်္ကြန်မဏ္ဍပ်အတွင်း ရေကစားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# ချင်းပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ



**ဟားခါး ဧပြီ ၁၃**

၂၀၂၄ ခုနှစ် ချင်းပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးမြတ်စံ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယိမ်းအဖွဲ့များ တက်ရောက်ကြသည်။

### အတာရေပက်ဖျန်း

ဦးစွာ ချင်းပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေးနှင့် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်တို့က ချင်းပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယိမ်းအကအဖွဲ့များကို အတာရေ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ သရုပ်ဖော်မှုနှင့် မြန်မာ့ရိုးရာလက်ဖက်ပွဲ ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးပြီး ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကာ ချင်းပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကြိုနေ့သို့တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအား စတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ချောင်းဆုံမြို့နယ်၌ ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ



**ချောင်းဆုံ ဧပြီ ၁၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ၂၀၂၄ ခုနှစ် မြန်မာ့ရိုးရာ လမ်းလျှောက်မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေပိုင်းက ချောင်းဆုံအနောက်ရပ်ကွက် မဟာကန်တော်ကြီးအရှေ့လမ်းရှိ လမ်းလျှောက်သင်္ကြန်ပွဲတော် ဖျော်ဖြေရေးမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် တာဝန်ရှိသူများက မြန်မာ့ရိုးရာ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီးနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက နှစ်သစ်ကြိုဆို နှုတ်ခွန်းဆက်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအား သပြေခက်ဖြင့် အမွှေးနံ့သာရည်များ အပြန်အလှန်ပက်ဖျန်းကြသည်။

ထို့နောက် သင်္ကြန်ယိမ်းအဖွဲ့များက ယိမ်းအကများဖြင့် ဖျော်ဖြေကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လမ်းလျှောက်သင်္ကြန်မဏ္ဍပ်၌ ပြည်သူများ ပျော်ရွှင်စွာလာရောက်ရေကစားနေမှုများနှင့် စတုဒိသာမဏ္ဍပ်အတွင်း စတုဒိသာကျွေးမွေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ကိုကျော်**
**(ချောင်းဆုံ)**

# စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲကျင်းပ

**မုံရွာ ဧပြီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ ကန်သာယာကန်အနီး လမ်းလျှောက်သင်္ကြန်ကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးနှင့်ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်သူရနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ခရိုင် / မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးတို့က ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ မဏ္ဍပ်များမှ ယိမ်းလှပျိုဖြူများကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**



# တောင်ကြီးမြို့၌ ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကျင်းပ



**တောင်ကြီး ဧပြီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်ကျင်းပသော ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၃ နာရီက ရှမ်းပြည်နယ်လွှတ်တော်တောင်ဘက် ဂနိုင်ကန်လမ်းမီးပွိုင့်လမ်းဆုံ ဗဟိုမဏ္ဍပ်ရှေ့နှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမ တစ်လျှောက်၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်ဖွင့်ပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာအတာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်ကို ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ လူမှုရေးရာဝန်ကြီး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ယိမ်းအဖွဲ့များကို နံ့သာရည် သပြေခက်ဖြင့် အတာရေလိုက်လံပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များကို အတာရေအေးဖြင့် ပက်ဖျန်းပေးကြသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

# ရခိုင်ပြည်နယ် မဟာသင်္ကြန်ပွဲတော် ရခိုင်ရိုးရာနံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲ ကျင်းပ

**စစ်တွေ ဧပြီ ၁၃**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ၁၃၈၇ ခုနှစ် မဟာသင်္ကြန်ပွဲတော် ရခိုင်ရိုးရာနံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲကို ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမနှင့် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးတို့၌ ကျင်းပရာ မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီး၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ နံ့သာသွေးအဖွဲ့များနှင့် ယိမ်းအကအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ရိုးရာနံ့သာသွေးပွဲကို ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရခိုင်ပြည်နယ်ယဉ်ကျေးမှုအကအဖွဲ့က သင်္ကြန်အတာကျူးလီယင့်သီချင်းဖြင့် ကပြဖျော်ဖြေပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နံ့သာသွေးအဖွဲ့များက တစ်ဖွဲ့ချင်းစီမိတ်ဆက်ကြပြီး နံ့သာသွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက နံ့သာသွေးပွဲကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ဘားအံမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်များဖွင့်ပွဲ ကျင်းပ




**ဘားအံ ဧပြီ ၁၃**

ကရင်ပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၊ ဝန်ကြီးဌာနမဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန်များဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ဘားအံမြို့၌ ကျင်းပသည်။

မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကို၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ ကမ်းနားလမ်း(ခေမာလမ်းနှင့် အင်ကုန်းလမ်းကြား) လမ်းလျှောက်သင်္ကြန် ပေ ၁၀၀၀၊ ကန်သာယာပတ်လမ်းဖြစ်သော ချစ်သူလမ်းကြားတွင် လမ်းလျှောက်သင်္ကြန် ပေ ၁၀၀၀၊ အမှတ်(၄) ရပ်ကွက်ရှိ ဇွဲကပင်ပန်းခြံနှင့် ပြည်နယ်လွှတ်တော်ရုံးရှေ့တွင် လမ်းလျှောက်သင်္ကြန် ပေ ၉၀၀ တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လျှောက်လမ်းရေပန်းများ၊ လောင်းလေ့များ၊ ထီးအလှများ၊ ပန်းအလှများဖြင့် ဝေဝေဆာဆာအလှဆင်ထားသော လမ်းလျှောက်သင်္ကြန်ကို ပါဝင်ဆင်နွှဲကြကာ စတုဒိသာမဏ္ဍပ်များမှ တည်ခင်းဧည့်ခံသော စားသောက်ဖွယ်ရာများကို ဒေသခံပြည်သူများနှင့်အတူသုံးဆောင်၍ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယင်းနောက် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဇွဲကပင်လမ်းလျှောက်သင်္ကြန်မဏ္ဍပ်သို့ရောက်ရှိပြီး ယိမ်းအကလှပျိုဖြူလေးများ၏ သင်္ကြန်ယိမ်းအကဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဆီးရီးယားနှင့် ဂျော်ဒန် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်မည့် သဘောတူညီချက်များ လက်မှတ်ရေးထိုး

ဒမတ်စကပ်စ် မေ ၁၃

ဆီးရီးယားနှင့် ဂျော်ဒန်နိုင်ငံတို့သည် အဓိကအခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်ရည်ရွယ်သည့် သဘောတူညီချက်များစွာကို သဘောတူလက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း မေ ၁၂ ရက်က ထုတ်ပြန်သော တရားဝင်ကြေညာချက်တစ်ရပ်အရ သိရသည်။

မေ ၁၂ ရက်က ဂျော်ဒန်နိုင်ငံ၏မြို့တော်တွင် ကျင်းပခဲ့သော ဆီးရီးယား-ဂျော်ဒန် အဆင့်မြင့် ပူးပေါင်းဆောင်ရွက်ရေးကောင်စီ၏ ဒုတိယအကြိမ် အစည်းအဝေးတွင် ယင်းသဘောတူညီချက်များစွာကို ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါ အစည်းအဝေးကို နှစ်နိုင်ငံစလုံးမှ အဆင့်မြင့်အရာရှိများက ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ဆီးရီးယား နိုင်ငံခြားရေးတာဝန်ရှိသူများ၏ ထုတ်ပြန်ချက်တွင် ဇန်နဝါရီ ၂၆ ရက်က လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်အရ ဆီးရီးယားနိုင်ငံသို့ သဘာဝဓာတ်ငွေ့များ ပြန်လည်ပို့ဆောင်ရန် နှစ်ဖက်စလုံးက သဘောတူခဲ့ကြပြီး နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များပြီးဆုံးပြီးနောက် နှစ်ရက်အတွင်း ပြန်လည်ပို့ဆောင်နိုင်ရန် မျှော်မှန်းထားကြောင်း ဖော်ပြထားသည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းကြောင်း၊ လေကြောင်းနှင့် ရေကြောင်းနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရေး ကတိကဝတ်ကို နှစ်ဖက်စလုံးက ထပ်လောင်းအတည်ပြုခဲ့ကြသည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များ လွယ်ကူရိုးရှင်းစေရန်နှင့် လုပ်ငန်းလည်ပတ်ရာတွင် ပိုမိုသွက်လက်မြန်ဆန်စေရန်အတွက်လည်း အတူတကွ ပူးပေါင်းအဖြေရှာကြမည်ဖြစ်ကြောင်း သိရသည်။

ဆီးရီးယားနှင့် ဂျော်ဒန်နိုင်ငံတို့သည် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းနှင့် အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအပြင် ပြည်သူ့စွမ်းဆောင်ရည်ကို မြှင့်တင်မည့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များတွင်လည်း အရှိန်မြှင့်ပူးပေါင်းဆောင်ရွက်ကြရန်လည်း ဆွေးနွေးခဲ့ကြသည်။

ဆင်ဟွာ



# အီရတ်နိုင်ငံ၏ ရေနံစိမ်းတင်ပို့မှု မတ်လတွင် သိသိသာသာကျဆင်း

ဘဂ္ဂဒက် မေ ၁၃

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် အီရတ်နိုင်ငံ၏ ရေနံစိမ်းတင်ပို့မှုသည် မတ်လတွင် ရေနံစိမ်းစည် ၁၈ ဒသမ ၆ သန်းခန့်အထိ ကျဆင်းသွားခဲ့ကြောင်း အီရတ်နိုင်ငံပိုင်ရေနံဈေးကွက်ရှာဖွေရေးအဖွဲ့အစည်း (SOMO) က မေ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

ယင်းပမာဏမှာ ဖေဖော်ဝါရီလက တင်ပို့ခဲ့သည့် ရေနံစိမ်းစည် ၉၉ ဒသမ ၈ သန်းနှင့် နှိုင်းယှဉ်ပါက သိသိသာသာ ကျဆင်းသွားခြင်းဖြစ်သည်။ SOMO ၏ တရားဝင်ထုတ်ပြန်ချက်တွင် မတ်လ ရေနံစိမ်းစည်တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅ ဘီလီယံ ကျော်သာရှိခဲ့ပြီး ဖေဖော်ဝါရီလက ရရှိသည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံနှင့် နှိုင်းယှဉ်ပါက အလွန်ထင်ရှားစွာလျော့နည်းကျဆင်းသွားခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် ရေကြောင်းပိတ်ဆို့မှုများကြောင့် အများဆုံးထိခိုက်ခံစားရသည့် အီရတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများရှိ ရေနံမြေများမှ စုစုပေါင်းတင်ပို့မှုမှာ မတ်လတွင် ရေနံစိမ်းစည် ၁၄ ဒသမ ၅ သန်းခန့်သာရှိခဲ့ကြောင်း သိရသည်။ အီရတ်နိုင်ငံသည် ပုံမှန်အားဖြင့် တစ်လလျှင် ရေနံစိမ်းစည် သန်း ၁၀၀ ဝန်းကျင်ခန့် တင်ပို့မှုရှိကြောင်း၊ သို့သော်လည်း အရှေ့အလယ်ပိုင်း ဒေသတွင် ဖေဖော်ဝါရီ ၂၈ ရက် ပဋိပက္ခစတင်ဖြစ်ပွားပြီးနောက် ရေနံစိမ်းတင်ပို့မှုပမာဏမှာ သိသိသာသာ လျော့နည်းကျဆင်းလာကြောင်း သိရသည်။

အီရတ်နိုင်ငံ၏ စီးပွားရေးသည် ရေနံစိမ်းတင်ပို့မှုအပေါ်တွင် များစွာ မှီခိုအားထားနေရကြောင်း၊ ထိုကဲ့သို့တင်ပို့မှုမှရရှိသည့် ဝင်ငွေသည် တစ်နိုင်ငံလုံး စုစုပေါင်း ဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ ဆင်ဟွာ



# သီရိလင်္ကာနိုင်ငံ၌ နှစ်သစ်ကူးကာလအတွင်း လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် ရဲတပ်ဖွဲ့ဝင် အင်အား ၈၀၀၀ ကျော် ချထား

ကိုလံဘို မေ ၁၃

သီရိလင်္ကာနိုင်ငံသည် နှစ်သစ်ကူးကာလအတွင်း လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် နိုင်ငံတစ်ဝန်း ရဲတပ်ဖွဲ့ အင်အား ၈၀၀၀ ကျော် ချထားဆောင်ရွက်လျက်ရှိကြောင်း အကြီးတန်းရဲအရာရှိတစ်ဦးက မေ ၁၃ ရက်တွင် ပြောသည်။

ထို့အပြင် အရက်သေစာသောက်စားထားသော ယာဉ်မောင်းများကို ဖမ်းဆီးထိန်းသိမ်းရန် အထူးစီမံချက်တစ်ရပ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။ နိုင်ငံ၏ လူဦးရေ အထူထပ်ဆုံးပြည်နယ်တစ်ခုဖြစ်သည့် အနောက်ပိုင်းပြည်နယ်တစ်ခုတည်းတွင် ရဲတပ်ဖွဲ့ဝင် ၂၅၀၀ ကို တာဝန်ချထားကြောင်း ယာဉ်ကြောထိန်းချုပ်ရေးနှင့် လမ်းအန္တရာယ်ဘေးကင်းရေးတာဝန်ယူထားသော ဒုတိယရဲချုပ် စေနာဒီရာက ပြောသည်။

နှစ်သစ်ကူးကာလအတွင်း လမ်းမတော်တဆမှုများ မြင့်တက်လေ့ရှိကြောင်း ဒုတိယရဲချုပ် စေနာဒီရာက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# အရှေ့အလယ်ပိုင်းပဋိပက္ခများသည် စွမ်းအင်ကုန်ကျစရိတ်ကို မြင့်တက်စေပြီး စားနပ်ရိက္ခာဖူလုံမှုကို အန္တရာယ်ဖြစ်စေသည်ဟု ကမ္ဘောဒီးယားဝန်ကြီးပြော

ဖနောင်ပင် မေ ၁၃

ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ပရက်ခ် ဆိုခွန်းက အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားနေသော ပဋိပက္ခများသည် စွမ်းအင်ကုန်ကျစရိတ်ကို မြင့်တက်စေပြီး စားနပ်ရိက္ခာဖူလုံမှုအတွက် ကြီးမားသောအန္တရာယ်ကိုဖြစ်စေကြောင်း မေ ၁၃ ရက် မွန်းလွဲပိုင်းတွင် ပြောကြားခဲ့သည်။

ဗီဒီယိုကွန်ဖရင့်ဖြင့်ကျင်းပသည့် အရှေ့အလယ်ပိုင်းဒေသ အခြေအနေနှင့်ပတ်သက်သည့် ဒုတိယအကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးတွင် ယခုကဲ့သို့ မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက အစည်းအဝေးပြီးနောက် သတင်းထုတ်ပြန်ခဲ့သည်။

ဒုတိယဝန်ကြီးချုပ်လည်းဖြစ်သည့် ဆိုခွန်းက စွမ်းအင်ညှိနှိုင်းမှုအားကောင်းစေရန် အာဆီယံဖြတ်ကျော်ဓာတ်ငွေ့ပိုက်လိုင်းနှင့် အာဆီယံရေနံလုံခြုံရေးသဘောတူညီချက်ကို အရှိန်မြှင့်တင်ခြင်း အပါအဝင် လက်ရှိချမှတ်ထားသော အာဆီယံမူဘောင်များကို မြှင့်တင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် အာဆီယံသည် အချိန်နှင့်တစ်ပြေးညီ ဒေတာခွဲဝေမှုတိုးမြှင့်ခြင်းနှင့် လောင်စာဆီသိုလှောင်မှုကဲ့သို့သော အရေးပေါ်အစီအမံများ တိုးမြှင့်ရန်လည်းလိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အာဆီယံမဟာဓာတ်အားလိုင်း မြှင့်တင်ရေးအပြင် စွမ်းအင်အမျိုးမျိုးအသုံးပြုခြင်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ မြှင့်တင်နိုင်ရန်လည်း အရေးကြီးကြောင်း၎င်းက မီးမောင်းထိုးပြခဲ့သည်။

အရှေ့အလယ်ပိုင်းပဋိပက္ခသည် စွမ်းအင်ကုန်ကျစရိတ်ကို ကြီးမြင့်စေခြင်း၊ စိုက်ပျိုးစရိတ်များ မြင့်တက်စေခြင်းနှင့် ဓာတ်မြေသြဇာထောက်ပံ့မှုကို နှောင့်ယှက်ဟန့်တားမှုများ ဖြစ်ပေါ်စေခြင်းကြောင့် အစားအစာလုံခြုံမှုအတွက် သိသိသာသာ အန္တရာယ်များရှိလာကြောင်း၊ ကုန်ဈေးနှုန်းများကြီးမြင့်လာကြောင်း၊ ထုတ်လုပ်မှုလျော့နည်းကျဆင်းခြင်းကို ဖြစ်စေကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် အမေရိကန်နှင့် အီရန်တို့အကြား ယာယီအပစ်အခတ်ရပ်စဲရေးကြေညာချက်ကို ကြိုဆိုခဲ့ပြီး အပြည့်အဝ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် မျှော်လင့်ချက်ရှိကြောင်း ဖော်ပြခဲ့သည်။ ဆင်ဟွာ

# အမေရိကန်-အီရန် စေ့စပ်ညှိနှိုင်းရေးတွင် ပါကစ္စတန်၏ ကြားဝင်စေ့စပ်ညှိနှိုင်းမှုများကို လေးစားကြောင်း ဂျပန်ဝန်ကြီးချုပ်ပြော

တိုကျို မေ ၁၃


ဂျပန်ဝန်ကြီးချုပ် တာကာအီချီဆာနာအဲက ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ဇ်ရှာရစ်ဖ်နှင့် ဆွေးနွေးပြောကြားခဲ့ရာ၌ အမေရိကန်-အီရန် စေ့စပ်ညှိနှိုင်းရေးတွင် ရှာရစ်ဖ်၏ ကြားဝင် စေ့စပ်ညှိနှိုင်းမှုများကို လေးစားကြောင်း ဖော်ပြခဲ့သည်။


တာကာအီချီသည် ရှာရစ်ဖ်နှင့် မေ ၁၃ ရက်တွင် ၁၅ မိနစ်ကြာ ဖုန်းပြောခဲ့သည်။

ပြောကြားစဉ်အတွင်း အရှေ့အလယ်ပိုင်းအခြေအနေ တည်ငြိမ်အေးချမ်းရေးသည် အရေးအကြီးဆုံးဖြစ်ကြောင်း တာကာအီချီက ရှာရစ်ဖ်အား ပြောကြားခဲ့သည်။

ဟော်မုဇ် ရေလက်ကြားကို ဖြတ်သန်း၍ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအပါအဝင် မည်သည့်နိုင်ငံမှ သင်္ဘောမဆို လွတ်လပ်၍ ဘေးကင်းလုံခြုံစွာ ရေကြောင်းသွားလာမှု အရေးတကြီးလိုအပ်လျက်ရှိကြောင်း တာကာအီချီက ရှာရစ်ဖ်အား အလေးအနက်ပြောကြားခဲ့သည်။

ထို့ပြင် စေ့စပ်ညှိနှိုင်းမှုများမှ တစ်ဆင့် အပြီးသတ်သဘောတူညီချက်တစ်ရပ် အမြန်ရရှိရေးသည် အရေးကြီးဆုံးဖြစ်သည်ဟု ဂျပန်နိုင်ငံကယုံကြည်ကြောင်း တာကာအီချီကရှာရစ်ဖ်အား ပြောကြားခဲ့သည်။





အမေရိကန်-အီရန် စေ့စပ်ညှိနှိုင်းမှုများနှင့် ပါကစ္စတန်နိုင်ငံ၏ သံတမန်ရေးရာ ကြိုးပမ်းမှုများအကြောင်း ရှာရစ်ဖ်က ပြောကြားခဲ့ပြီး ပါကစ္စတန်သည် ဂျပန်နိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လိုကြောင်းလည်း အသိပေးပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်းနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နေပြီး သံတမန်ရေးရာအစပျိုးမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းကိုလည်း တာကာအီချီက ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

# ရခိုင်ရိုးရာသင်္ကြန် နံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ်ပွဲ ကျင်းပ



**ရန်ကုန် ဧပြီ ၁၃**

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်) နှင့် ရခိုင်လူမှုရေးအသင်းအဖွဲ့များက ကြီးမှူးကျင်းပသည့် ရခိုင်ရိုးရာ ဘုရားရေသပ္ပာယ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယံရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်ဘုရားဝင်း ပညာလင်္ကာရကျောင်း ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တနန္ဒိယ(MA.Ph.D) ထံမှ ဩဝါဒကထာ သတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်) နာယကများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်ဘုရားဝင်း ပညာလင်္ကာရကျောင်း ဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်) နာယကများနှင့် တာဝန်ရှိသူများ၊ မြို့နယ်အသင်းများ၊ လူမှုရေးအသင်းအဖွဲ့များ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ဘုရားရေသပ္ပာယ်ကြသည်။

ဧပြီ ၁၂ ရက် မွန်းလွဲပိုင်းကလည်း ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)၊ လူမှုရေးအသင်းအဖွဲ့များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက ဘုရားရေသပ္ပာယ်ရန်စုပေါင်း၍ နံ့သာသွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။ **ဇော်မင်းလတ်(MNA)**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဇာတိရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် မွန်းလွဲပိုင်းက အမှတ်(၉၁)ရပ်ကွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပခဲ့ပြီး စည်ကားသိုက်မြိုက်စွာ ရေကစားကြစဉ်။

ဖြိုးစန္ဒာ(ဆိပ်ကမ်း)

# ပြည်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဇာတိမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်

**ပြည် ဧပြီ ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ယနေ့ နံနက် ၉ နာရီမှစ၍ မြို့အလယ်ဗိုလ်ချုပ်ကျောက်ရုပ်အနီး၌ ဇာတိမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်တို့ဖြင့် အေးချမ်းပျော်ရွှင် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲလျက်ရှိပြီး ဖွင့်ပွဲအခမ်းအနားကျင်းပရာ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက နှစ်သစ်ကူးမင်္ဂလာနှုတ်ခွန်းဆက် စကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦး၊ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်း၊ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်နှင့် ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး လင်းအောင်ပြည့်တို့က မဟာသင်္ကြန်ဇာတိမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ပြည်မြို့တွင် မဟာသင်္ကြန်ကာလအတွင်း ဇာတိမဏ္ဍပ်၌ နေ့စဉ်နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် တေးဂီတဖျော်ဖြေရေး အစီအစဉ်များ၊ ဌာနဆိုင်ရာနှင့် မြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေယှဉ်ပြိုင်မှုများ၊ စတုဒိသာ ဧည့်ခံကျွေးမွေးရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ ရေကစားသူပြည်သူများ အနေဖြင့် ဇာတိမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်တို့၌ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ နာရီစင်အနီး ရန်အောင်မြင်ဘုရားလမ်းထိပ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု လမ်းလျှောက်သင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်၊ ရမည်းသင်းတပ်နယ်မှူး ဗိုလ်မှူးကြီး ဇော်မြင့်ဦး၊ ရမည်းသင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းဟန်၊ ရမည်းသင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်ရွှေသိန်း၊ ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မြင့်၊ ရမည်းသင်းမြို့ မြို့မိမြို့ဖဦးမြင့်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

အတ်ကလေး(ရမည်းသင်း)

# ကြံခင်းမြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

**ကြံခင်း ဧပြီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ ရွာသစ်ရပ်ကွက်ရှိ ဗိုလ်ချုပ်လမ်းနှင့် မဟာဗောဂလမ်းဆုံထောင့် ဇာတိမဏ္ဍပ်၌ ယနေ့ညနေ ၅ နာရီက မဟာသင်္ကြန်ပွဲတော် ဇာတိမဏ္ဍပ်ဖွင့်ပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ(ခေတ္တ)ဥက္ကဋ္ဌ ဦးကျော်မင်းထက်က မဟာသင်္ကြန်အတာရေသဘင်ပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ (ခေတ္တ) ဥက္ကဋ္ဌ ဦးကျော်မင်းထက်၊ အဖွဲ့ဝင် ဗိုလ်မှူးသောင်းထွဋ်လွင်၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်စိုးနှင့် အဖွဲ့ဝင် ဦးကျော်ကျော်တို့က ၂၀၂၆ ခုနှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ထို့နောက် သင်္ကြန်ယိမ်းအဖွဲ့ကိုးဖွဲ့က မန်းတောင်ရိပ်ခို သီချင်းဖြင့် ကပြဖျော်ဖြေကြကာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ(ခေတ္တ) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယိမ်းအကလှပျိုဖြူများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များကို မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ သပြေခက်ဖြင့် ရေပက်ဖျန်းပေးကြသည်။



ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ (ခေတ္တ)ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များက လမ်းလျှောက်သင်္ကြန်၊ သနပ်ခါးသင်္ကြန်၊ လက်ဖက်သင်္ကြန်မဏ္ဍပ်တို့အား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ ကြံခင်းမြို့၌ မဟာသင်္ကြန်ပွဲတော်ဇာတိမဏ္ဍပ်တွင် သင်္ကြန်ကာလအတွင်း ဝါသနာရှင်အဆင့်တေးသံရှင်များ၊ ယိမ်းအကအဖွဲ့များက ခေတ်ပေါ်တေးဂီတများဖြင့် အလှည့်ကျဖျော်ဖြေပေးသွားမည့်အပြင် သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ စတုဒိသာမုန့်များဖြင့် ကျွေးမွေးလှူဒါန်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကျောက်ဆည်မြို့တွင် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ဇာတိရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်က ကံဦးရပ် ဒေါ်သိုက်ကြီးကွေ့ ရန်ကုန်-မန္တလေးကားလမ်း ဇာတိရေကစားမဏ္ဍပ်၌ ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ သက်မောင်(ပြန်/ဆက်)

# မြဝတီမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ဇာတိမဏ္ဍပ်ဖွင့်ပွဲနှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**မြဝတီ ဧပြီ ၁၃**

ကရင်ပြည်နယ် မြဝတီမြို့တွင် ၁၃၈၇-၁၃၈၈ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် အတာရေသဘင်ပွဲတော်ဇာတိမဏ္ဍပ်ဖွင့်ပွဲနှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၄)ရပ်ကွက် မြဝတီခရိုင် ပြည်သူ့ဆေးရုံလမ်းရှိ မြစန္ဒီပန်းခြံ မုခ်ဦး၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းစံလင်းက မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားများပြောကြားပြီး လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ကရင်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေး၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



# ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲနှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်ဖွင့်ပွဲ နိုင်ငံတစ်ဝန်းမြို့နယ်များ၌ ကျင်းပမှုမြင်ကွင်းများ

## ဂန့်ဂေါ

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ မြန်မာ့ရိုးရာမဟာအတာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်က မြောက်ကုန်းရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က နှစ်သစ်ကူးအကြိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်တို့ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **မောင်မျိုးမင်း**



## ဝေါ

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသက်လွင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်တိုးဝင်း၊ မြို့မိမြို့ဖ ဦးငွေအောင်နှင့် ဦးသက်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **မြို့နယ်(ပြန်/ဆက်)**



## လက်ပံတန်း

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြို့မဈေး (၁)လမ်း၌ ၁၃၈၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်လမ်းလျှောက်သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးနေမင်းအောင်နှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**မြို့နယ်(ပြန်/ဆက်)**






## ဒိုက်ဦး

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်က အမှတ်(၄)ရပ်ကွက် ရန်ကုန်-ပြည်ကားလမ်းမ မြို့နယ်ခန်းမရှေ့ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုရေကစားမဏ္ဍပ်ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**တင့်ဆွေ(ပြန်/ဆက်)**




## မြင်းခြံ

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ မြန်မာ့ရိုးရာလမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်က ကျင်းပရာ မြန်မာ့ရိုးရာလမ်းလျှောက်သင်္ကြန်ဖွင့်ပွဲ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **ကျော်စွာ(မြင်းခြံ)**



## ဇလွန်

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်က ညောင်ပင်ဈေးရပ်ကွက် အံတော်ပတ်လမ်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

## ကျောက်ကြီး

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ဝဲပုံဘုန်းတော်ကြီးကျောင်းရှေ့၌ မြန်မာ့ရိုးရာအတာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး တင်လင်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးဝေလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဗိုလ်မှူး ဖြိုးစည်သူမင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မျိုးထွန်းတို့က ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **မြို့နယ်(ပြန်/ဆက်)**



## မုဒုံ

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်လမ်းလျှောက် ရေသဘင်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်က ဗိုလ်ချုပ်လမ်းပေါ်၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်ဘုန်းမြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်သီတာလင်းတို့က မြို့နယ်ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ရာမည(ပြန်/ဆက်)**



## ပန်းတောင်း

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်က ကြခတ်ရပ်ကွက်၊ ပန်းတောင်း-တောင်ကုတ်ကားလမ်းမကြီးဘေး မြို့နယ်ထွေ/အုပ်ရုံးနှင့် မြို့မရဲစခန်းရှေ့၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ရဲမှူး အေးမင်းသိန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဖြိုးသူစိုး၊ ပန်းတောင်းမြို့နယ်ကိုယ်စားလှယ် အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဇော်နှင့် မြို့မိမြို့ဖ ဦးညီငွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**လပြည့်လင်း(ပြန်/ဆက်)**



# ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲနှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်ဖွင့်ပွဲ နိုင်ငံတစ်ဝန်းမြို့နယ်များ၌ ကျင်းပမှုမြင်ကွင်းများ

## တောင်ငူ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကား ပြောကြားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဖွင့်လှစ်ပေးသည်။

**ဇော်ကိုကို(တောင်ငူ)**



## ရွှေကူ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက်က အမှတ်(၃) ရပ်ကွက်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး မြို့နယ်ရဲမှူးမြင့်ဇော်က မန်းတောင်ရိပ်ခို သီချင်းဖြင့် သီဆို၍ ယိမ်းအဖွဲ့များက ယိမ်းအကအလှများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရွှေကျင်

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့နှစ်သစ်ကူး သင်္ကြန်အကြိုနေ့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက်က ကျင်းပရာ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီး မင်းထင်အောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျာဟိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လမ်းလျှောက်သင်္ကြန်၌ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



## ငပုတော

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ၁၃၈၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်အကြိုနေ့ ဧပြီ ၁၃ ရက်တွင် ရေကစားသူများ၊ စတုဒိသာ ကျွေးမွေးသူများဖြင့် အထူးစည်ကားလျက်ရှိပြီး ငပုတောမြို့တောင်ပိုင်းရပ်ကွက်ရှိ အတာသင်္ကြန်ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်တွင်လည်း ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

**အောင်သူ(ပြန်/ဆက်)**





## ဖြူး

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်အကြိုနေ့ဖွင့်ပွဲကို ဧပြီ ၁၃ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးကိုတင့်က ဖြူးမြို့နယ်၏ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲကို နှစ်သစ်နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဖွင့်လှစ်ပေးသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



## ဒိုက်ဦး

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များက ဒိုက်ဦးမြို့နယ် မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**မြို့နယ်(ပြန်/ဆက်)**



## သနပ်ပင်

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ဧပြီ ၁၃ ရက်က မြန်မာ့ရိုးရာ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားပြီး မိုးပျံပူဖောင်းများလွှတ်တင်ကာ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုရေကစားမဏ္ဍပ်ကို ဖွင့်လှစ်ပေးသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေတာရှည်

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် တာဝန်ရှိသူများက ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ကို ဖွင့်လှစ်ပေးသည်။

**မြို့နယ်(ပြန်/ဆက်)**



## ညောင်လေးပင်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## ချောက်

၁၃၈၇ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာရေ သဘင်ပွဲတော် သင်္ကြန်အကြို ဗဟိုရေကစား မဏ္ဍပ်ဖွင့်ပွဲနှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စည်ကားစွာဖြင့် မကွေးတိုင်းဒေသကြီး ချောက်မြို့၌ ဧပြီ ၁၃ ရက်က ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလှိုင်နှင့် ဦးဝင်းနိုင်ဦး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အဖွဲ့ဝင်များက မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **ကျော်မိုး(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျ တပ်ကုန်းမြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဗဟိုရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်အား တက်ရောက်ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၁၃**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာရေသဘင်ပွဲတော် သင်္ကြန်အကြိုဗဟိုရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲကို ယနေ့ ညနေ ၃ နာရီက အဆိုပါမဏ္ဍပ်မုခ်ဦးရှေ့၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျ၊ ဥတ္တရခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မြတ်မိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူနှင့် မြို့မိမြို့ဖများက ဗဟိုရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်တို့အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နေပြည်တော်ကောင်စီဝင်က နှစ်ဟောင်းလွန်မြောက်၍ နှစ်သစ်ကူးပြောင်းသည့် မင်္ဂလာရှိသော အခါသမယတွင်သင်္ကြန်ရေသွန်းလောင်းခြင်းဖြင့် အေးမြခြင်း၊ ကြည်လင်ခြင်း၊ သန့်ရှင်းခြင်းသဘောကိုဆောင်ပြီး နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်လွင့်ပျောက်၍ နှစ်သစ်စိတ်သစ် အင်အားသစ်များလည်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ နှစ်သစ်ကူး မင်္ဂလာအချိန်အခါကာလတွင် တပ်ကုန်းမြို့သူမြို့သားများအားလုံး နှစ်ဟောင်းကုန်ပျောက် နှစ်သစ်ရောက် ထွန်းတောက်မင်္ဂလာရှိပါစေကြောင်း ဆုတောင်းစကားများပြောကြားကာ ဗဟိုရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်လှစ်ကြေညာပြီး အေးချမ်းပျော်ရွှင်စွာ ရေကစားခဲ့သည်။

တပ်ကုန်းမြို့နယ်၌ ၁၃၈၇ နှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာရေသဘင်သင်္ကြန်ပွဲတော်ကို ဗဟိုမဏ္ဍပ်အပါအဝင် ရေကစားမဏ္ဍပ်များဖြင့် သင်္ကြန်ယိမ်းအက၊ အလှများကပြဖျော်ဖြေခြင်း၊ သင်္ကြန်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်၍ ရေပက်ခံရေကစားလာရောက်ကြသူ ပြည်သူများအား စတုဒိသာများဖြင့် သင်္ကြန်ကာလအတွင်း ဧည့်ခံပေးသွားမည်ဖြစ်ကာ သင်္ကြန်ပွဲတော်အား အေးချမ်းပျော်ရွှင်စည်ကားသိုက်မြိုက်စွာကျင်းပကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



# မြိတ်မြို့ ပြည်သူ့ဆေးရုံကြီး၌ အပူဒဏ်ကြောင့်ဖြစ်တတ်သည့်ရောဂါများ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ပြင်ဆင်ထားရှိ

**မြိတ် ဧပြီ ၁၃**



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပေါ်နိုင်သော ရောဂါများ ကုသပေးနိုင်ရေးအတွက် ပြင်ပလူနာဌာန၊ အတွင်းလူနာဆောင်များ၊ ဆေးဝါး/ ဆေးပစ္စည်းများ လုံလောက်စွာပြင်ဆင်ထားရှိကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိပြီး အပူဒဏ်ကြောင့် ဖြစ်တတ်သည့်ရောဂါများကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ပြင်ဆင်ထားရှိသည်။

ကျန်းမာရေး ဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ ညွှန်ကြားမှုများနှင့်အတူ အပူဒဏ်အန္တရာယ်ကြောင့် ရောဂါခံစားရသော လူနာများရောက်ရှိလာပါက ပြင်ပလူနာ၊ အတွင်း လူနာဆောင်များတွင် ဆေးနှင့်ဆေးပစ္စည်းများ ပြည့်စုံလုံလောက်စွာ ထားရှိပြီး ကျန်းမာရေးဝန်ထမ်းများလည်း အဆင်သင့်ဖြစ်နေစေရန် တာဝန်ပေးအပ်ထားရှိကြောင်းနှင့် အပူဒဏ်အန္တရာယ်ကြောင့် ရောဂါခံစားရသော လူနာများ ရောက်ရှိလာပါက အချိန်မီလိုအပ်သောကုသမှုများ ထိရောက်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အပူဒဏ်ကြောင့်ဖြစ်တတ်သည့် ရောဂါများ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ပြင်ဆင်ထားရှိ

**ထားဝယ် ဧပြီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ကော့သောင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတို့တွင်



အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပေါ်နိုင်သော ရောဂါများ ကုသပေးနိုင်ရေးအတွက် ပြင်ပလူနာဌာန၊ အတွင်းလူနာဆောင်များ၊ ဆေးဝါး/ ဆေးပစ္စည်းများ လုံလောက်စွာပြင်ဆင်ထားရှိကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိပြီး အပူဒဏ်ကြောင့်ဖြစ်တတ်သည့် ရောဂါများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ပြင်ဆင်ထားရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ ညွှန်ကြားမှုများနှင့်အတူ အပူဒဏ်အန္တရာယ်ကြောင့် ရောဂါခံစားရသော လူနာများရောက်ရှိလာပါက ပြင်ပလူနာ၊ အတွင်းလူနာဆောင်များတွင် ဆေးနှင့်ဆေးပစ္စည်းများ ပြည့်စုံလုံလောက်စွာ ထားရှိပြီး ကျန်းမာရေးဝန်ထမ်းများလည်း အဆင်သင့်ဖြစ်နေစေရန် တာဝန်ပေးအပ်ထားရှိကြောင်းနှင့် အပူဒဏ်အန္တရာယ်ကြောင့် ရောဂါခံစားရသော လူနာများရောက်ရှိလာပါက အချိန်မီ လိုအပ်သောကုသမှုများ ထိရောက်စွာ ဆောင်ရွက်ပေးလျက်ရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ရေတာရှည် ဧပြီ ၁၃**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ စည်ပင်သာယာဈေး၌ ယမန်နေ့က အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါက်တာနန္ဒာညီဆွေ၏ ကြီးကြပ်မှုဖြင့် ဆွာတိုက်နယ်ကျန်းမာရေးဌာန တိုက်နယ်ဆရာဝန်နှင့် ကျန်းမာရေးဌာန ဝန်ထမ်းများ၊ ဆွာမြို့ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေး၊ ကျန်းမာရေးဌာနဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သံဖြူဇရပ်မြို့၌ မြန်မာ့ရိုးရာ မဟာသင်္ကြန် သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပ

**သံဖြူဇရပ် ဧပြီ ၁၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ မြန်မာ့ရိုးရာ အတာသင်္ကြန် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်မှ ဒုဗိုလ်မှူးကြီး ကျော်သူရ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်တို့က အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၃၂၀ အား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှင့် အာဟာရ အစားအစာများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# လယ်ဝေးမြို့နယ်၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး လက်ကမ်းစာစောင်များဖြန့်ဝေ

**နေပြည်တော် ဧပြီ ၁၃**

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ဧပြီ ၉ ရက်တွင် အများပြည်သူများ အပူဒဏ်အန္တရာယ်မှ ကင်းဝေးစေရန်နှင့် ကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ခုတင် (၁၀၀) ဆေးရုံအုပ် ဒေါက်တာနန္ဒာကျော်နှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ် အသိပညာပေးပိုစတာများကပ်ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံ၌ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ရွှေကျင် ဧပြီ ၁၃**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ခုတင်(၁၀၀)ပြည်သူ့ဆေးရုံ၌ အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သောရောဂါများအတွက် လာရောက်ပြသသည့်လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကြိုတင်စီစဉ်ထားပြီး ယနေ့တွင် အသိပညာပေးခြင်း ဆောင်ရွက်သည်။

ရွှေကျင်မြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံ၌ လူနာများအားလက်ခံကုသပေးမည့်နေရာကို ကြိုတင်စီစဉ်ထားရှိခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းပြင်ဆင်ထားရှိခြင်း၊ အပူဒဏ်အန္တရာယ်လူနာများ အရေးပေါ်ကုသမှုပေးရာတွင် လုပ်ငန်းလမ်းညွှန်နှင့်အညီ လေ့ကျင့်မှုများ ဆောင်ရွက်ထားရှိခြင်းအပါအဝင် လူနာစောင့်များအား ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဆေးရုံအုပ် ဒေါက်တာမြတ်သူထံမှ သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

# မြောက်ဥက္ကလာပမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဧပြီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက (ဃ)ရပ်ကွက် သုမ္မောလမ်းမကြီး ဥက္ကလာသီရိပန်းခြံရှေ့ ဥက္ကလာရင်ခွင်ဗဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူက နှစ်သစ်ကူးအမှာစကားပြောကြားပြီး မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မြန်မာ့ရိုးရာယဉ်ကျေးမှုယိမ်းအဖွဲ့များက အကအလှများဖြင့် ဖျော်ဖြေကြပြီး တာဝန်ရှိသူများက အတာရေဖြင့် ယိမ်းအဖွဲ့များနှင့် ပရိသတ်များအား ရေပက်ဖျန်း၍ လမ်းလျှောက်သင်္ကြန်အတွင်း လှည့်လည်ကြည့်ရှုအားပေးကာ ပြည်သူများနှင့်အတူ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြကာ တေးသံရှင်များနှင့် ယိမ်းအကအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် ဆက်လက်ဖျော်ဖြေကြသည်။ မဟာသင်္ကြန်ကာလအတွင်း ဥက္ကလာရင်ခွင် မဏ္ဍပ်အတွင်း စတုဒိသာကျွေးမွေးခြင်းနှင့် ဥက္ကလာသီရိပန်းခြံ လမ်းလျှောက်သင်္ကြန်အတွင်း ပြည်သူများက တပျော်တပါး ဆင်နွှဲကြကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**



## ရွှေပြည်သာမြို့နယ်၌ ပိတောက်ရွှေပြည်ရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**ရန်ကုန် ဧပြီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ပိတောက်ရွှေပြည်ရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အမှတ်(၅)ရပ်ကွက် သီရိမင်္ဂလာပတ်လမ်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ပိတောက်ရွှေပြည် ရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်အား အမှတ်(၂)နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ဇာနည်မင်းထက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ်



ဖွင့်လှစ်ပေးပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက နှစ်သစ်နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ယိမ်းအဖွဲ့ လုပျိုဖြူလေးများက မြူမှောင်ဝေကင်းတေးသီချင်းဖြင့် ကပြဖျော်ဖြေကာ အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် အတာရေပက်ဖျန်းကြသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စတုဒိသာများ ကျွေးမွေး၍ ယိမ်းအဖွဲ့များ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေကာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။ **နေမျိုးထွန်း(ပြန်/ဆက်)**

## မိုင်းရယ်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲ ကျင်းပ

**မိုင်းရယ် ဧပြီ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ယနေ့ညနေပိုင်းက မိုင်းရယ်မြို့ စိမ်းလဲ့ကန်သာဘေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇော်မျိုးထွဋ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ညွန့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကော်၊ ဌာနဆိုင်ရာများ၊ ယိမ်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇော်မျိုးထွဋ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့က မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ယိမ်းအဖွဲ့များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် မြို့မရဲစခန်း ယိမ်းအဖွဲ့၊ အမှတ်(၃)ရပ်ကွက် ယိမ်းအဖွဲ့နှင့် ကမ်းမယ့်လက် ယိမ်းအကအဖွဲ့များက ယိမ်းအကအလှများဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ပြည်သူများက ပျော်ရွှင်စွာ ရေကစား၍ မြန်မာ့ရိုးရာ အတာသင်္ကြန်ကို ဆင်နွှဲကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## မိုးနဲမြို့နယ်၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**မိုးနဲ ဧပြီ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက်က မိုးနဲဟော်ဝင်းအတွင်းရှိ စင်မြင့်ထက်နေရာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး တိုးဝင်းဖေ၊ မိုးနဲ မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် ရပ်မိရပ်ဖ ဦးစိုင်းထွန်းခေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး သင်္ကြန်ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် ညီညီညာညာကပြဖျော်ဖြေကြကာ တက်ရောက်လာကြသော ဧည့်သည်တော်များက အောင်သပြေခက်ဖြင့် အတာသင်္ကြန်ရေများ ပက်ဖျန်းကြသည်။

ဆက်လက်၍ သနပ်ခါးသင်္ကြန်၊ လမ်းလျှောက်သင်္ကြန်အား ပျော်ရွှင်စွာပါဝင်ဆင်နွှဲခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့် သင်္ကြန်ယိမ်းအကအဖွဲ့များက အလှည့်ကျကပြဖျော်ဖြေတင်ဆက်ခဲ့ကြပြီး သင်္ကြန်ကာလတစ်လျှောက် စတုဒိသာကျွေးခြင်းနှင့် သင်္ကြန်ယိမ်းအဖွဲ့များဖြင့် ကပြဖျော်ဖြေခြင်းများ နေ့စဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## မြစ်သားမြို့နယ်၌ ဗဟိုမဏ္ဍပ်နှင့်လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲ အခမ်းအနား ကျင်းပ

**မြစ်သား ဧပြီ ၁၃**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ကို ယနေ့ညနေပိုင်းက စတင်ဖွင့်လှစ်သည်။

မြစ်သားမြို့နယ်၏ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ကို ဗိုလ်ချုပ်လမ်းမကြီး တစ်လျှောက်တွင် ကျင်းပခြင်းဖြစ်ပြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ် ဖွင့်ပွဲအခမ်းအနား၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကားပြောကြားကာ ဖွင့်ပွဲကို တပ်နယ်မှူး ဗိုလ်မှူးချုပ် တိုးမြင့်ကျော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးမင်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးအောင်ပြည့်ဖြိုးဦး၊ မြစ်သားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ယိမ်းအဖွဲ့များက မြနန္ဒာသီချင်းဖြင့် စတင်ဖွင့်လှစ်သည်။

အဆိုပါ ဗဟိုမဏ္ဍပ်တွင် ဌာနဆိုင်ရာများနှင့် ရပ်ကွက်အသီးသီးတို့မှ ယိမ်း ၁၀ ဖွဲ့ဖြင့် အလှည့်ကျ ဖျော်ဖြေယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းထွန်း (ပြန်/ဆက်)**



## စာပေချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေး

**ဖောင်းပြင် ဧပြီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာပေချစ်မြတ်နိုးသူများနှင့် စာပေဝါသနာရှင်များပူးပေါင်း၍ စာဖတ်သူဦးရေ တိုးပွားလာစေရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ လူအများကြားဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများရရှိရေး၊ တစ်ဦးနှင့်တစ်ဦး အသိပညာ ဗဟုသုတများ ဖလှယ်ခွင့်ရရှိရေးအတွက် စာဖတ်ဝိုင်းများကို စီစဉ်ကျင်းပလျက်ရှိရာ ယနေ့ မွန်းတည့် ၁၂ နာရီက စာရေးဆရာ သရဝဏ်(ပြည်)၊ စာရေးဆရာ ဦးဘုန်း(ဓာတု)၊ စာရေးဆရာ ညီမင်းညို ရေးသားသည့် "လူငယ်နှင့် ဘဝရည်မှန်းချက်ပန်းတိုင်" စာအုပ်ဖြင့် ကျင်းပရာ စာပေဝါသနာရှင်များက စာရေးဆရာများရေးသားသည့် ခေါင်းစဉ်များအလိုက် အသီးသီးဖတ်ကြား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတု ပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

( ဂ ) မြေဆီသြဇာ ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝ ကို ထိခိုက်စေနိုင်ခြင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/5936, SKAT (SCWAR), Dump Truck အား စစ်တွေမြို့၊ မင်းဂံရပ်ကွက်နေ ဦးမောင်စိန်ဘန်း ၁၁/ကတန(နိုင်)၀၆၀၂၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(စစ်တွေ)**

## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၄-၂၀၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၀)တွင် ပါရှိသော ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဒေါ်မြင့်မြင့်အေး ၁၂/မရက(နိုင်)၀၃၄၉၀၀ အစား ၁၂/မရက(နိုင်)၀၃၄၃၀၀ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရ မည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

( ခ ) မည်သူမျှ ဆေးလိပ်မသောက်ရ။

( ဂ ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၃)၊ တောင်တွင်းကြီးမြို့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံ ပင်မရေပိုလွှဲ အကြီးစားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အသုံးပြုမည့် **ဘိလပ်မြေ(425)၊ သံချောင်းလုံးဆိုဒ်စုံ (HRB-500)၊ ဒီဇယ်ဆီ(ပရီမီယမ်)အား (မြန်မာကျပ်ငွေဖြင့်)** ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

**၁။ တင်ဒါပုံစံရောင်းချမည့်ရက်** - (၉-၄-၂၀၂၆)ရက်မှ (၂၆-၄-၂၀၂၆)ရက် (ရုံးချိန်အတွင်း)

**၂။ တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်တွင်းကြီးမြို့။

**၃။ တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - (၂၇-၄-၂၀၂၆) ရက် (ရုံးချိန်အတွင်း)

**၄။ တင်ဒါဖွင့်မည့်ရက်/အချိန်** - (၂၈-၄-၂၀၂၆) ရက် နံနက်(၁၀:၀၀)နာရီ

**၅။ တင်ဒါတင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တောင်တွင်းကြီးမြို့၊

**၆။ တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မကွေးမြို့။

ယခုတင်ဒါတွင် အောင်မြင်သောဈေးနှုန်းများသည် (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများအားလုံးအတွက် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

PO Cheque မူရင်းအား (၂၇-၄-၂၀၂၆) ရက်၊ ညနေ (၀၄:၃၀)နာရီ နောက်ဆုံးထား၍ တင်ဒါအဆိုပြုလွှာ ရောင်းချခဲ့သည့်နေရာသို့ ပေးပို့ရမည်။

အကြောင်းအမျိုးမျိုးကြောင့် တင်ဒါဖွင့်လှစ်မည့်ရက် အပြောင်းအလဲရှိပါက ထပ်မံဆက်သွယ်အကြောင်းကြားပါမည်။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက တောင်တွင်းကြီးမြို့ ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ လက်ထောက်ညွှန်ကြာရေးမှူး(၁) ရုံး၊ (ဖုန်း-၀၆၃-၂၀၅၁၁၄၀) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ တည်ဆောက်ရေး(၃)၊ မင်းဘူးမြို့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံအကူရေပိုလွှဲ ရေငြိမ်ကန်တည်ဆောက်ခြင်း လုပ်ငန်းနှင့် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်ရှိ မုန်းတမံ ကြံ့ခိုင်ရေးဆောင်ရွက်ခြင်း (Slope Stability ရရှိရန်ဆောင်ရွက်ခြင်း) လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသုံးပြုမည့် **ဒီဇယ်ဆီ (ပရီမီယမ်)၊ ဘိလပ်မြေ(425)၊ သံချောင်းလုံးဆိုဒ်စုံ(HRB-500) အား (မြန်မာကျပ်ငွေဖြင့်)** ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင် သွင်းရန် ဖိတ်ခေါ်ပါသည်။

**၁။ တင်ဒါပုံစံရောင်းချမည့်ရက်** - (၉-၄-၂၀၂၆)ရက်မှ (၂၆-၄-၂၀၂၆)ရက် (ရုံးချိန်အတွင်း)

**၂။ တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မင်းဘူးမြို့။

**၃။ တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - (၂၇-၄-၂၀၂၆) ရက် (ရုံးချိန်အတွင်း)

**၄။ တင်ဒါဖွင့်မည့်ရက်/အချိန်** - (၂၈-၄-၂၀၂၆) ရက် နံနက်(၁၀:၀၀)နာရီ

**၅။ တင်ဒါတင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မင်းဘူးမြို့။

**၆။ တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မကွေးမြို့။

ယခုတင်ဒါတွင် အောင်မြင်သောဈေးနှုန်းများသည် (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများအားလုံးအတွက် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

PO Cheque မူရင်းအား (၂၇-၄-၂၀၂၆)ရက် ညနေ(၄:၃၀)နာရီ နောက်ဆုံးထား၍ တင်ဒါအဆိုပြုလွှာရောင်းချခဲ့သည့်နေရာသို့ ပေးပို့ရမည်။

အကြောင်းအမျိုးမျိုးကြောင့် တင်ဒါဖွင့်လှစ်မည့်ရက် အပြောင်းအလဲရှိပါက ထပ်မံဆက်သွယ်အကြောင်းကြားပါမည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မင်းဘူးမြို့၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ (ဖုန်း-၀၆၅-၂၀၂၁၂၇၈) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်း နွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ (၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ် အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/67505, Yunde-110,M/C ယာဉ်လက်ဝယ်ရှိသူ မောင်ဇေယျာထွန်း ၇/ပမန(နိုင်) ၂၀၂၉၆၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/23012 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူဇော် ၉/မခန(နိုင်)၂၅၃၉၅၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/83167 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်မြင့် ၉/မခန(နိုင်)၀၄၃၄၄၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/40457, Zeniz(ADX5)CZZ-125 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၉/အမရ(နိုင်) ၀၀၀၆၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၃၉၁၈၇ လက်ဝယ်ရှိသူ ဦးနိုင်ဇော်စိုး ၁၀/ပမန(နိုင်)၂၃၆၇၅၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၄၇၇၃၀ လက်ဝယ်ရှိသူ ဦးလွင်ထူးအောင် ၁၀/မလမ(နိုင်)၃၁၄၉၈၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၄ဟ/၉၆၉၂ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထွန်း ၁၀/မလမ(နိုင်)၂၉၁၃၃၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4P/2448, TOYOTA HILUX REVO GU -125, PICK UP ယာဉ်လက်ဝယ်ရှိသူ THE HALO TRUST က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် မှတ်ပုံတင်အမှတ် လျှောက်ထားလာပါသည်။ ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**က.ည.န ၊ ပြည်နယ်ရုံး(ဘားအံမြို့ )**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၃၇၉၉၅, Wuyan Honda 125 ယာဉ်လက်ဝယ်ရှိသူ Yatanar Eik Met Co;Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်(83W/98734) Canda-110 ယာဉ်လက်ဝယ်ရှိသူ Aung Kan Bo Co, Ltdက ကမ-၃ ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်(54W/54836), Dayang-125 ယာဉ်လက်ဝယ်ရှိသူ Sein Sabai Phyu Co;ltd က ကမ-၃ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 26W/9550, Anbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၅/စကန(နိုင်) ၀၂၅၄၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(စစ်ကိုင်း)**

# ပြန်ကြားရေးဝန်ကြီးဌာန
# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
# စက်ပစ္စည်းများဝယ်ယူရန်အတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည် ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် -

| | | |
|---|---|---|
| (က) | MRTV Radio Playout Automation System အား နှစ်စဉ်ထိန်းသိမ်းခြင်းလုပ်ငန်း(Service Level Agreement) | 1 Lot |
| (ခ) | Presentation I,II,III & IV ရှိ HD Playout System အား နှစ်စဉ်ထိန်းသိမ်းခြင်းလုပ်ငန်း(Service Level Agreement) | 1 Lot |
| (ဂ) | AVI West ၏ Hardware နှင့် Software ပိုင်းဆိုင်ရာများကို နှစ်စဉ်ထိန်းသိမ်းခြင်းလုပ်ငန်း(Service Level Agreement) | 1 Lot |
| (ဃ) | MRTV Archiving System များအတွက် Service Level Agreement နှင့် Upgrading လုပ်ငန်းများဆောင်ရွက်ခြင်း | 1 Lot |
| (င) | Convergence News Room System အား Upgrading ပြုလုပ်ခြင်း | 1 Lot |
| (စ) | MRTV DTH စနစ်အတွက် DTH စလောင်းနှင့် ဂြိုဟ်တုဖမ်းစက်များဝယ်ယူခြင်း | 15,000 Nos |
| (ဆ) | Direct to Home Network (DTH) တစ်ခုကို Nationwide အနေဖြင့် ကြည့်ရှုနိုင်ရန်လိုအပ်သော စက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း | 1 Lot |
| (ဇ) | 100 KW Short Wave ရေဒီယိုလွှင့်စက်အသစ် ဝယ်ယူတပ်ဆင်ခြင်း | 1 Lot |
| (ဈ) | Short Wave Transmitter များအတွက် လိုအပ်သော Electron Tube ဝယ်ယူခြင်း | |
| | – Electron Tube (For BBEF SW Transmitter) | 1 No |
| | – Electron Tube (For RIZ SW Transmitter) | 1 No |
| (ည) | 2 KW FM (သပြေရေဒီယို)လွှင့်စက်များ တိုးချဲ့တပ်ဆင်ခြင်း | ၃ ရုံ |
| (ဋ) | 300 W FM (MRTV FM) Complete Set ဝယ်ယူတပ်ဆင်ခြင်း | ၁၈ ရုံ |
| (ဌ) | 300 W DVB–T2 Complete Set ဝယ်ယူတပ်ဆင်ခြင်း | ၂၀ ရုံ |
| (ဍ) | UHF Antenna နှင့် 7/8" Feeder Cable ဝယ်ယူခြင်း | 5 Sets |
| (ဎ) | Emergency Playout System for Yangon (4 Channel) | 1 Lot |
| (ဏ) | ရန်ကုန်ရှိ Studio I တွင်(4.48 M X 2.4M)Pixel 1.5 LED Wall တပ်ဆင်ခြင်း | 1 Set |
| (တ) | ရန်ကုန်ရှိ Studio A တွင် 0.64 X 2.88 M Pixel 1.5 LED Panel တပ်ဆင်ခြင်း | 1 Set |
| (ထ) | တပ်ကုန်း(ရုံးချုပ်)ရှိ Farmers' Studio အတွက် လိုအပ်သော ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း | |
| | – Studio Setting ( D 25' X W 20' X H 13') | 1 Set |
| | – 2.56 X 1.92 M Pixel 1.5 LED Wall | 1 Set |
| (ဒ) | တပ်ကုန်းရှိ Conference Room တွင် (2.56 M X 1.44 M) Pixel 1.5 LED Wall တပ်ဆင်ခြင်း | 1 Set |
| (ဓ) | တပ်ကုန်း၊ အသံလွှင့်ရုံ (၁)တွင် Air Cooled Liquid Chiller System နှင့် AHU အသစ်တပ်ဆင်ခြင်း | 1 Lot |
| (န) | Main Building (Block –F) ၊ Ground Floor ရှိ AHU (၃)ခန်းနှင့် First Floor ရှိ AHU (၃)ခန်းတို့တွင် Chiller Water Pipe ၊ Valve နှင့် Insulation များ အစားထိုး လဲလှယ်တပ်ဆင်ခြင်း | 1 Set |
| (ပ) | Main Building (BLOCK –G) ၊ Ground Floor ရှိ AHU (၂)ခန်းနှင့် First Floor ရှိ AHU (၃)ခန်းတို့တွင် Chiller Water Pipe ၊ Valve နှင့် Insulation များ အစားထိုး လဲလှယ်တပ်ဆင်ခြင်း | 1 Set |
| (ဖ) | Power Line များတွင် တပ်ဆင်ထားသော ATS Switch Panel များ အသစ်ဝယ်ယူခြင်း | |
| | – Aircon Chiller Power Line | 1 Set |
| | – Main Building Power Line | 1 Set |
| (ဗ) | 33/11 KV ဓာတ်အားခွဲရုံမှ ချို့ယွင်းနေသည့် 33 KV လိုင်းတွင် အသုံးပြုထားသည့် Gas Circuit Breaker ၊ Current Transformer ၊ Voltage Transformer နှင့် Lightning Arrester တို့အား လဲလှယ်ရန်ဝယ်ယူခြင်း | 1 Lot |
| (ဘ) | ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ | 24 Items |
| (မ) | ရုံးလုပ်ငန်းသုံးပစ္စည်းများ | 7 Items |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၁၀-၄-၂၀၂၆)ရက်နေ့မှ (၈-၅-၂၀၂၆)ရက်နေ့ အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် အမှတ်စဉ်(က၊ ခ၊ ဃ၊ ည၊ ဍ၊ ဎ၊ ဏ၊ တ၊ ထ၊ ဓ၊ န၊ ပ၊ ဖ၊ ဗ၊ မ) တင်ဒါဖောင် (၁၅)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၁၀,၀၀၀/- နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(ဂ)အတွက် တင်ဒါဖောင် (၁)စောင်လျှင် ငွေကျပ် ၂,၀၀၀/- နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(ဒ)အတွက် တင်ဒါဖောင် (၁)စောင်လျှင် ငွေကျပ် ၅,၀၀၀/- နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(င၊ ဇ၊ ဋ၊ ဌ၊ ဘ) တင်ဒါဖောင် (၅)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၅၀,၀၀၀/- နှုန်းဖြင့်လည်းကောင်း၊ အမှတ်စဉ်(စ၊ ဆ၊ ဈ) တင်ဒါဖောင်(၃)စောင်အတွက် (၁)စောင်လျှင် ငွေကျပ် ၁၅,၀၀၀/- နှုန်းဖြင့် လည်းကောင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါ လာရောက်တင်သွင်းရာတွင် နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ(Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို သီးခြားစီခွဲ၍ (၁၅-၅-၂၀၂၆) ရက်နေ့ နံနက်(၉:၃၀)နာရီမှ ညနေ(၁၆:၀၀)နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)သို့ လာရောက်ပေးသွင်းကြရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ PO (Payment Order) ပြုလုပ်၍ ပေးသွင်းရမည် ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း၊ ၀၆၇-၈၀၇၉၁၃၅၊ ၀၆၇-၈၀၇၉၄၁၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်နှင့် တင်ဒါတင်သွင်းရန်လိပ်စာ**
**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**နေပြည်တော်(တပ်ကုန်း)**
**ဖုန်း၊ ၀၆၇-၈၀၇၉၁၃၅၊ ၀၆၇-၈၀၇၉၄၁၁**

# ပြန်ကြားရေးဝန်ကြီးဌာန
# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
# ဥတ္တရခရိုင်ရုံး အဆောက်အအုံသစ်ဆောက်လုပ်ရန်အတွက်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဥတ္တရခရိုင်ရုံးသစ် (၆၈ ပေ x ပေ ၃၀ ) RC ၊ သွပ်မိုး၊ (၂)ထပ် အဆောက်အအုံ (၁)လုံး ဆောက်လုပ်ခြင်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ( ၂၇ – ၄ – ၂၀၂၆)ရက်မှ (၁၁– ၅ –၂၀၂၆)ရက်အထိ နေ့စဉ် (၉:၃၀) နာရီမှ (၁၆:၃၀)နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ် (၁၀,၀၀၀/–) နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများလာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၅ – ၅ –၂၀၂၆)ရက် (၀၉:၃၀)နာရီမှ (၁၆:၀၀) နာရီအတွင်း ပြည်ထောင်စုနယ်မြေရုံး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီဝင်း အတွင်း လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း–၀၆၇-၃၅၀၃၉၇၊ ၀၉-၅၀၁၂၂၁၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

| **တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန် လိပ်စာ** |
|---|---|
| ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန | ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန |
| ပြည်ထောင်စုနယ်မြေရုံး | ပြည်ထောင်စုနယ်မြေရုံး |
| ဖုန်း–၀၆၇-၃၅၀၃၉၇၊ ၀၉-၅၀၁၂၂၁၃ | ဖုန်း ၀၆၇-၃၅၀၃၉၇၊ ၀၉-၅၀၁၂၂၁၃ |

# ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ – ၂၈၃ )
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၁၂

**ကွယ်လွန်သူ ဒေါ်တင်မြင့်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့ ၊ ရှမ်းပွဲရပ်ကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်တင်မြင့်၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်ဝင်းရီက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်(၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်တင်မြင့်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ရက် ( ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်ဝင်းရီ ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၇ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(စိုးဝင်း)
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

# ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်မျိုးသက် ၉/မထလ(နိုင်)၁၉၀၀၈၀ ပိုင်ဆိုင်သော မိတ္ထီလာမြို့ ပြည်သာယာ(မ)ရပ်ကွက် ၁ လမ်း၊ (က)နယ်မြေ မြေကွက်အမှတ် ၂၁၂ ၏ ဦးတင်ငွေ အမည်ပေါက် မြေဂရန်စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါကြောင်းနှင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးကြပါရန်။

ဒေါ်ခင်မျိုးသက် ၊ ဖုန်း–၀၉-၆၇၀၀၀၂၇၇၅

# ယာဉ်မှတ်ပုံတင်စာအုပ်
## (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၂၇၅၄၈ ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းမြင့် ၁၀/မဒန(နိုင်) ၀၉၄၄၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

# ယာဉ်မှတ်ပုံတင်စာအုပ်
## (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၉၀၆၃၄ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်း ၁၀/မဒန(နိုင်)၁၆၂၉၀၀ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

# ယာဉ်မှတ်ပုံတင်စာအုပ်
## (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/84579, Honda dream –125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်းစိုး ၁၀/ကမရ(နိုင်)၂၁၆၈၀၆ သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(ဘားအံ) တွင် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊**
**ပြည်နယ်ရုံး(ဘားအံမြို့ )**

# ယာဉ်မှတ်ပုံတင်စာအုပ်
## (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၇၈၀၃၄ လက်ဝယ်ရှိသူ ဦးဖွဲသက်ပိုင်စိုး ၁၀/မဒန(နိုင်)၂၂၅၀၅၅ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န ၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄) ၊ လူနေရပ်ကွက်အမှတ် (၁၄)၊ ခမ္ဗဒါနလမ်း၊ မြေကွက်အမှတ် (၁၀၂၈) ဟုခေါ်တွင်သော မြေချပါမစ်မူရင်းတွင် ဦးလှစိုး အမည်ပေါက် အလျား (၄၀) ပေ၊ အနံ (၆၀) ပေ၊ ဧရိယာ (၂၄၀၀) စတုရန်းပေ မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ရခြင်း မရှိသေးသောမြေကွက်၏ (ပါမစ်မူရင်းခြမ်း) (အမှတ်–၁၀၂၈ နှင့်ကပ်လျက်ဘက်ခြမ်း) အလျားပေ ၂၀၊ အနံ ပေ ၆၀၊ ဧရိယာ (၁၂၀၀) စတုရန်းပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးရှုရန်အောင် (၁၄/မမန(နိုင်)၁၈၅၄၆၉)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော နန့်သင်းသီရိမွန် (၁၄/အမန(နိုင်)၁၁၉၀၄၀) နှင့် ဒေါ်ဇင်ဝေလွင် (၁၄/ကပန(နိုင်)၁၃၈၂၀၀) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**နန့်သင်းသီရိမွန် နှင့် ဒေါ်ဇင်ဝေလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာမြင့် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၅၁/၁၃–၉–၂၀၁၂)**
**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉-၉၇၂၃၀၉၈၉၂**

# ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃) ၊ လူနေရပ်ကွက်အမှတ်(၃)၊ ဗိုလ်ချိန်လမ်း၊ မြေကွက်အမှတ် (၃၃၂) ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်တွင် ဒေါ်အေးမို့မို့ (၁၂/လမန(နိုင်) ၁၄၇၉၉၁) အမည်ပေါက်ပိုင် အလျား (၄၀) ပေ၊ အနံ(၆၀)ပေ၊ ဧရိယာ (၂၄၀၀ ) စတုရန်းပေ၊ (၀.၀၅၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ရေ/ရေစက်၊ မီးမီတာအကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်အေးမို့မို့ (၁၂/လမန(နိုင်)၁၄၇၉၉၁) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်ပိုးအိဖြူ(ခ) ဒေါ်ပွင့်နဒီမောင် (၁၂/လမတ(နိုင်)၀၃၁၉၆၈)မှအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့တိကျ ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့် တကွယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပိုးအိဖြူ(ခ)ဒေါ်ပွင့်နဒီမောင် ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာမြင့် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ စဉ်–၈၃၅၁(၁၃–၉–၂၀၁၂)**
**အမှတ် (၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉-၉၇၂၃၀၉၈၉၂**

# ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၀)၊ လူနေရပ်ကွက်အမှတ် (၁၃၀)၊ ထန်းတပင်လမ်းနှင့် သရေခေတ္တရာလမ်း၊ မြေကွက်အမှတ် (၇၂၇) ဟုခေါ်တွင်သော နှစ် (၆၀) မြေငှားဂရန်တွင် ဦးရဲမင်းသူ ၈/စလန(နိုင်)၁၂၁၈၀၁ အမည်ပေါက်ပိုင် အလျား (၄၀) ပေ၊ အနံ(၆၀)ပေ၊ ဧရိယာ (၂၄၀၀) စတုရန်းပေ၊ (၀.၀၅၅) ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးရဲမင်းသူ (၈/စလန(နိုင်)၁၂၁၈၀၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မေသကြီန်ထွန်း (၁၄/မအပ(နိုင်)၁၄၄၆၆၅)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့တိကျ ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းအထောက်အထား များနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသကြီန်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဥမ္မာမြင့် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၅၁/၁၃–၉–၂၀၁၂)**
**အမှတ် (၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉-၉၇၂၃၀၉၈၉၂**

# အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဘ) ဦးငယ်ငယ်ဇော်၏ သမီး ဒေါ်ဂျူးဂျူး ၁၂/အစန(နိုင်)၂၄၄၇၇၆ ကိုင်ဆောင်သူကိုလည်းကောင်း၊ ဂျူဂျူး(ဆံပင်ရောင်းဝယ်ရေး)ဆိုင်နှင့် ပတ်သက်၍လည်းကောင်း နာမည်ဂုဏ်သတင်းအား ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် အင်တာနက်လူမှုကွန်ရက်ပေါ်ရှိ (Facebook, Comment, Like and Share, Viber, Messenger, SMS, Group Chat, TikTok, Telegram, Wechat)နှင့် အခြားသော Social Media များပေါ်တွင် ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော စာသားများမမှန်မကန်ရေးသားခြင်း၊ ဖြန့်ဝေခြင်း၊ မှတ်ချက်ပေးခြင်းများပြုလုပ်ခြင်းတို့ကြောင့် ကျွန်ုပ်မိတ်ဆွေနှင့် ၎င်းမိသားစုအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အီလက်ထရောနစ် ဆက်သွယ်ရေး နည်းပညာတစ်ခုခုအပေါ် အသုံးပြု၍ ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေရန်ဖြစ်စေ၊ ထိခိုက်နစ်နာသော ခြိမ်းခြောက်မှုများပြုလုပ်မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဂျူးဂျူး၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်ယဉ်စိုး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၉၄၆)**
**အမှတ်–၂၁၆(ခ)၊ မန္တလေးလမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်**
**ဖုန်း–၀၉-၄၅၆၂၂၂၁၀**

# ပျောက်ဆုံးကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉) ရပ်ကွက်၊ မဟာမြိုင် (၁) လမ်း၊ အမှတ် (၈၈၁(ခ)) နေ မေသန်းနု (ဘ)ဦးစိုးမြင့် (၁၂/ဒလန(နိုင်)၀၅၄၇၁၄) ၏ ပတ်စ်ပို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉-၅၁၆၃၉၇၁**

# ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည် (RA–IV/ကွက်ပြင်-၄)၊ ဦးပိုင်အမှတ် (၁၆–ဃ)၊မြေဧရိယာ(၀.၀၈၅)ဧကရှိ မြေကွက်အား အမည်ပြောင်း မြေငှားဂရန် လျှောက်ထားနိုင်ရေး ဒေါ်အိအိမွန် ၉/အမဇ(နိုင်)၀၂၃၁၆၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်းမြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ (၃) လမ်း၊ မြေကွက်အမှတ် (၁၀/ခ)၊ ဧရိယာပေ (၂၅'x၄၅') မြေကို မူလပိုင်ရှင် ဦးဆောင်းထံမှ အရပ်စာချုပ်ဆက်စပ်ဖြင့် ယခုမြေပိုင်ရှင် ဒေါ်စိန်စိန်မှ ဝယ်ယူခဲ့ပြီး၊ ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော ၂ ခန်းတွဲ ၅ ထပ်တိုက်၏ ခေါင်းရင်းခြမ်း(မြေညီ)တိုက်ခန်းကို ဒေါ်စိန်စိန် (၁၂/သဃက(နိုင်)၁၂၀၃၃၀) နှင့် ခင်ပွန်းဖြစ်သူ ဦးစောထွဋ် (၁၂/သဃက(နိုင်)၁၂၉၃၉) တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သိန်း (၁၁/အမန(နိုင်)၀၁၂၂၅၁) က စရန်ငွေပေးထားပြီး ဖြစ်ပါသည်။

ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်မာသော အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ထွန်း(LL.B)အထက်တန်းရှေ့နေ(စဉ်–၄၉၅၇၅)**
**ဖုန်း–၀၉-၇၈၅၁၄၉၄၅၆**

# ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး (၆) ၊ ကွင်း / အကွက်အမှတ် ( RA – IV / ကွက်ပြင် –၄) ၊ ဦးပိုင်အမှတ် ( ၅၅ – ပ ) ၊ မြေဧရိယာ ( ၀ ဒသမ၇၁ ) ဧကရှိ မြေကွက်အား မြေငှားဂရန် (ကျန်အပိုင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ကြည်ကြည် (၉/မမန (နိုင်) ၀၁၀၈၉၁ ) မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန ၊ပြင်ဦးလွင်မြို့**

# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)၊ အကွက်အမှတ်(၇/၁၂တိုးချဲ့ကွက်သစ်)၊ ဦးပိုင်(၅၅)၊ ဧရိယာ(၀.၀၇၈)ဧက၊ အမှုတွဲအမှတ် ၇၀–၅/၁၉၉၂–၁၉၉၃(စီ)၊ ဗိုလ်မှူးသိန်းဆွေ ကြည်း–၁၃၀၇၇ အမည်ပေါက်မြေကွက်အား ဗိုလ်မှူးသိန်းဆွေ၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ချိုချိုထွန်း ၉/မမန(နိုင်) ၀၁၉၁၃၃ မှ ဒေါ်မြမြ ၉/မနမ(နိုင်)၀၁၉၁၃၃ထံသို့ စာချုပ်အမှတ်(၄၈၊/၂၀၁၈) ဖြင့် ရောင်းချပြီးဖြစ်သဖြင့် ဒေါ်မြမြအမည်ဖြင့် အမည် ပြောင်းထပ်မံအသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်မြမြအမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၉

ဦးချစ်ကောင်း နှင့် ဒုအရာခံဗိုလ် လဘွန်းငါး
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက် (ဃ-၄/၈၁)၊ မြို့သစ် (၄) ရပ်ကွက်နေ ဦးဟန်စောနန်း၏ သားဖြစ်သူ ဒုအရာခံဗိုလ် လဘွန်းငါး ၈/သရန(နိုင်)၀၀၉၃၀၈ (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးချစ်ကောင်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-ဇ)၊ ဦးပိုင်အမှတ် (၁၀၀)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်၏ တောင်ဘက်ခြမ်း ပေ (၃၀x၄၀) အကျယ်အဝန်းရှိ မြေကွက်အား မှတ်ပုံတင်အရောင်း အဝယ် စာချုပ်ချုပ်ဆို ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ် မေလ ၄ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းလှဲ့ရည်စိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်နေ ဒေါ်သဇင်သွယ်(ဘ)ဦးငယ်လေး (၁၄/ဒဒရ(နိုင်)၂၂၄၉၅၉) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ မေသံစဉ်ဦး Tiktok အကောင့်ဖြင့်လည်းကောင်း၊ အချို့လူပုဂ္ဂိုလ်များသည် အမည်မှန်ကို အသုံး မပြုဘဲအမည်ဝှက်ဖြင့်လည်းကောင်း၊ အခြားအမည်များကို ဖော်ပြ၍လည်း ကောင်း ဒေါ်သဇင်သွယ်၏ ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် ဆက်သွယ်ရေး ကွန်ရက်ကိုအသုံးပြု၍ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ စိတ်ငြိုငြင် စေခြင်း၊ မဟုတ်မမှန်စွပ်စွဲခြင်းတို့ကို ပြုလုပ်နေကြောင်းနှင့် ထိုသို့ပြုလုပ်နေ သည်ကို ပြန်လည်မျှဝေထားသည့် အထောက်အထားများအားလုံးကို ကျွန်ုပ်ကိုယ်တိုင် ဖတ်ရှု မြင်တွေ့သိရှိရပါသည်။ ဒေါ်သဇင်သွယ်နှင့် ပတ်သက်၍ ထိခိုက်နစ်နာစေသော မဟုတ်မမှန်သည့် ဖော်ပြချက်များကို ရေးသားဖြန့်ဝေခြင်း၊ ပြောဆိုခြင်း၊ နှောင့်ယှက်ခြင်းများမပြုလုပ်ရန် အသိပေး တားမြစ်လိုက်ပါသည်။ ထိုသို့ တားမြစ်ထားပါလျက် မရိုးမဖြောင့်သော သဘောဖြင့် ထပ်မံပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သဇင်သွယ်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထူးကျော် အထက်တန်းရှေ့နေ (စဉ်-၅၆၄၄၇)**
**LL.B, D.I.P.L, WIPO(Switzerland)**
**ဖုန်း-၀၉ - ၂၅၄၃၂၁၀၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ဇော်ဂျီရွာနေ ဒေါ်သျှီလာဦး(ဘ) ဦးနှစ်ဦး(၉/စကတ(နိုင်)၀၉၇၅၃၉) ၏ လွှဲအပ် ညွှန်ကြားချက်အရ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ ခွန်းဆင့်မေ Tiktok အကောင့်ဖြင့်လည်းကောင်း၊ ရွှန်းလဲ့မေ Tiktok အကောင့်ဖြင့် လည်းကောင်း အချို့လူပုဂ္ဂိုလ်များသည် အမည်မှန်ကိုအသုံးမပြုဘဲ အမည်ဝှက်ဖြင့် လည်းကောင်း၊ အခြားအမည်များကို ဖော်ပြ၍လည်းကောင်း ဒေါ်သျှီလာဦး၏ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေရန် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ မဟုတ်မမှန် စွပ်စွဲခြင်းတို့ကို ပြုလုပ်နေကြောင်းနှင့် ထိုသို့ပြုလုပ်နေသည်ကို ပြန်လည်မျှဝေ ထားသည့် အထောက်အထားများအားလုံးကို ကျွန်ုပ်ကိုယ်တိုင် ဖတ်ရှုမြင် တွေ့သိရှိရပါသည်။ ဒေါ်သျှီလာဦးနှင့် ပတ်သက်၍ ထိခိုက်နစ်နာစေသော မဟုတ်မမှန်သည့် ဖော်ပြချက်များကို ရေးသားဖြန့်ဝေခြင်း၊ ပြောဆိုခြင်း၊ နှောင့်ယှက်ခြင်းများ မပြုလုပ်ရန် အသိပေး တားမြစ်လိုက်ပါသည်။ ထိုသို့တားမြစ်ထားပါလျက် မရိုးမဖြောင့်သောသဘောဖြင့် ထပ်မံပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သျှီလာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထူးကျော် အထက်တန်းရှေ့နေ (စဉ်-၅၆၄၄၇)**
**LL.B, D.I.P.L,WIPO(Switzerland)**
**ဖုန်း-၀၉-၂၅၄၃၂၁၀၆၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (တ/၁၅) ရပ်ကွက်၊ ပန်းခြံ (၂၇)၊ အာသာဝတီလမ်း၊ အမှတ် (၂၀၂၂/က) ရှိ အလျားအနံပေ (၂၀x၆၀) ပေမြေကွက်နှင့် ၎င်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ဒေါ်သန်းသန်းဝင်း (KLW-၀၀၀၈၁၁) မှ ဥပဒေနှင့်အညီ တရားဝင်လက်ဝယ်ပိုင်ဆိုင်လျက်ရှိပြီး ၎င်းမှသာရောင်းချခွင့်ရှိကြောင်း ပြောဆိုကာ ရောင်းချရန် ကမ်းလှမ်းလာ သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးညီပုချေ (၁၁/ရသတ(နိုင်)၀၆၂၇၈၈) နှင့် ဒေါ်ရီရီခိုင် (၁၁/ရသတ(နိုင်)၀၆၂၇၈၇) တို့မှ ဝယ်ယူရန်သဘောတူပြီးဖြစ်ကာ စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ ထိုအိမ်ခြံမြေကွက် အရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အထက်ပါအိမ်ခြံမြေ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီပုချေ၊ ဒေါ်ရီရီခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၅၃)**
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၂)၊ (၇၂) ရပ်ကွက်၊ မြေကွက်အမှတ် (၃၈၇/က)၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်၊ လျှပ်စစ်မီတာ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေချပါမစ်တွင် ဦးတင်ဟန် (ISN–၃၈၉၅၁၆) မှ အမည်ပေါက်လျက်ရှိသော်လည်း ဆက်စပ်စာချုပ်များဖြင့် ဦးမျိုးခိုင် ၁၂/ဥကတ(နိုင်)၁၆၂၀၃၇ မှ ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်အကျိုးခံစားခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ရင်မာဦး ၁၂/ဒလန(နိုင်)၀၄၈၈၀၄ နှင့် ဒေါ်ထက်ထက်မြင့်အောင် ၁/ရကန(နိုင်)၀၄၇၇၈၈ တို့မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အိမ်တို့၏ အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်အထိ ကန့်ကွက်ချက်မရှိပါက မြေကွက်နှင့် အိမ်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ရင်မာဦးနှင့် ဒေါ်ထက်ထက်မြင့်အောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **ဒေါ်အိအိနိုင် (LL.B)** |
| **ဒေါ်ရင်မာဦး၊** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၀၇၅/၂၀၁၉)** |
| **ဒေါ်ထက်ထက်မြင့်အောင်** | **အမှတ်– ၁၂၄၉၊ နတ်စင်ကန်ဘောင်လမ်း၊** |
| | **မြို့မ (၃) ရပ်ကွက်၊ ဒလမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း ၀၉–၂၅၄၄၀၅၇၉၈၊ ၀၉–၇၈၅၆၁၀၈၄၇** |

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ဗိုလ်ဗထူးတန်ဖိုးမျှတ(ဒုတိယအဆင့်)အိမ်ရာ၊ တိုက်အမှတ် (တိုက်ခန်းအမှတ်)–AA–5၊ အခန်းအမှတ်(၂၀၁)၊ အကျယ်အဝန်း ပေ(၃၀ x ၂၀) ရှိ တိုက်ခန်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)ရှိ မှတ်တမ်းများတွင် ဒေါ်တင်မိုးသူ ၈/မကန(နိုင်)၁၁၀၃၆၀ အမည်ဖြင့် မှတ်သားတည်ရှိသောတိုက်ခန်းဖြစ်ပြီး ယင်းတိုက်ခန်းနှင့် ဆက်နွယ်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားဝယ်ယူပြီး တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ကျော့လှကေခိုင်အောင်၁၂/သဃက(နိုင်)၁၆၃၃၉၅ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါက်တာစန္ဒာအောင် ၁၂/ရကန(နိုင်)၀၁၆၆၉၃ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးထွန်းအေးမောင် (LL.B)** | **ဦးမင်းခိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၇၈၄၉/၂၈–၁၀–၂၀၁၀)** | **(စဉ်–၁၈၂၇၂/၁၆–၁၀–၂၀၂၃)** |

**အမှတ် (၆၀)၊ ၊ ဒုတိယထပ်၊ (၃) လွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂) ရပ်ကွက်၊**
**ဖုန်း – ၀၉–၄၅၀၅၄၂၇၃၄၊ ၀၉–၇၅၈၄၀၃၇၆၇**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၇)၊ ရွာသစ်ကလေးရှိ ဒေါ်မင်ချင်(ခ)ဆိုင်ဟိန်း အမည်ဖြင့် မြေငှားဂရန်အမှုတွဲအမှတ်(၁၉၄/၂၀၀၂–၂၀၀၃)၊ ကွင်း/အကွက်အမှတ်နှင့် အမည်(RA–I/ကွက်ပြင် – ၁)၊ ဦးပိုင်အမှတ် (၃၆–၅)၊ မြေကွက်အမှတ် (7/336)၊ မြေဧရိယာ (၁ ဒသမ ၄၆) ဧက မှခွဲ၍ အရှေ့–အနောက် (၄၀) ပေ၊ တောင်+မြောက် (၈၂ ဒသမ ၆) ပေ (၇၈ ဒသမ ၆) ပေ အကျယ်ရှိ အကွက်အမှတ် (A–4)၊ အရှေ့လားသော် အကွက်အမှတ် (A–5)၊ အနောက်လားသော် – အကွက်အမှတ် (A–3)၊ တောင်လားသော် – ရေချောင်း၊ မြောက်လားသော် – (၂၅) ပေ ကွန်ကရစ်လမ်းအတွင်းရှိ မြေကွက်အား ဦးခင်မောင်ထွေး (ဘ) ဦးခင်မောင် ၉/မနမ(နိုင်)၀၉၂၄၂၂ မှ ၅–၄–၂၀၂၆ ရက်တွင် စရန်ပေးစာချုပ်ချုပ်ဆိုခဲ့ပြီး တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေအရောင်းအဝယ်ပြုလုပ်ခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသက်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးခင်မောင်ထွေး** | **ဒေါ်အေးမြတ်တိုး (LL.B)** |
| **၉/မနမ(နိုင်)၀၉၂၄၂၂** | **အထက်တန်းရှေ့နေ စဉ်–၅၆၇၈၄** |
| | **အမှတ် (၆၀/ခ)၊ အောင်ဆန်းလမ်း၊ ရပ်ကွက်ကြီး (၇)၊** |
| | **ပြင်ဦးလွင်မြို့၊ ဖုန်း – ၀၉–၇၆၈၂၇၀၀၈၆** |

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ် (၁၁/ဇ–ဗျူဟာလမ်းအနောက်)၊ ဦးပိုင်အမှတ် (၇၀)၊ ဧရိယာ (၀ ဒသမ ၂၂၀) ဧက၊ မြေငှားဂရန်အမှုတွဲ အမှတ် ၂၈၃–၅/၂၀၀၂–၂၀၀၃(အေ)၊ ဦးမောင်အေး ၁၃/လရန(နိုင်)၀၃၄၄၆၈ အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး ဦးမောင်အေးမှာ ၃–၁၀–၂၀၁၄ ရက်တွင် ကွယ်လွန်သွားသဖြင့် ဇနီးဒေါ်လျှံရင် (ခ) လှိုင်းယဉ် ၁၃/လရန(နိုင်)၀၉၅၂၇၂ မှ စာချုပ်(၆၈IV/ ၂၀၂၆)ဖြင့် အမွေဆက်ခံပြီးဖြစ်၍ ဒေါ်လျှံရင် (ခ) လှိုင်းယဉ် အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်လျှံရင် (ခ) လှိုင်းယဉ် အမည်ဖြင့် အမည်ပြောင်း ထပ်မံအသစ်လျှောက်မြေငှားဂရန်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ သလ္လာဝတီနယ်မြေ (၂) နေ ကျွန်တော်ဦးစိန်ဝင်း(ခ)ဖာယေ်ဒင် (ဘ)ဦးကဒိုး(MYA–003823) နှင့် ကျွန်မ ဒေါ်လှဝင်း (ဘ) ဦးမောင်မောင် ၅/မရန(နိုင်)၁၃၉၀၇၆ တို့တွင် သားသမီး (၇) ဦးရှိသည့်အနက် သားဖြစ်သူ ဦးထင်ကျော်အောင် (ခ) အမီး ၅/မရန(နိုင်)၀၃၆၇၁၉ သည် မိဘများ၏အခမဲ့ခွင့်ပြုချက်အရ မိဘများပိုင် ဝင်းမြေနှင့် အဆောက်အအုံတွင် နေထိုင်ခွင့်ပြုစဉ်ကာလအတွင်း မိဘများအား ဆဲဆိုပြီး စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ် ဆောင်ရွက်ခဲ့ပါသည်။ သားဖြစ်သူ ဦးထင်အောင်ကျော် (ခ) အမီး၏ ပြုလုပ်မှုကြောင့် မိဘများမှာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲမှုများစွာ ဖြစ်ပေါ်ခံစားခဲ့ရသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။ သို့ဖြစ်၍ ဦးထင်အောင်ကျော် (ခ) အမီးနှင့်ပတ်သက်ပြီး မိဘများနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း၊ ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(အမွေပြတ်ကြေညာသူများ)**
**(ဖခင်) ဦးစိန်ဝင်း (ခ) ဖာယေ်ဒင်၊ (မိခင်)ဒေါ်လှလှဝင်း**

---

## ဖြည့်စွက်ဖတ်ရှုပါရန်

၉–၄–၂၀၂၆ ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ–၂၃ ပါ (မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း) ဦးထွန်းရီပါ–၄ ဦး ကြော်ငြာတွင် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။ ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟု ဖြည့်စွက်ဖတ်ရှုပါရန်။

---

## အမည်ပြောင်း

ဦးအောင်မျိုးကို ၁၄/အမန(နိုင်)၁၃၈၈၀၁ ၏သမီး လှိုင်မြို့နယ် ICEC International School မှ Year – 2 ကျောင်းသူ မမြတ်ပီတိစံအား မမြတ်ပက်ထရစ်ရှာကို ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမြတ်ပက်ထရစ်ရှာကို**

---

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 46W/33718, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဖြိုး ၁၄/ပသန(နိုင်)၃၀၈၃၃၆ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

---

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 2U/3324 Xinguan XY 200 ZH 3W ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြဆုမွန်ရည် ၁၄/ကကထ(နိုင်)၁၅၀၈၂၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့် ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

### အမှန်ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ၏ (၉-၄-၂၀၂၆) ရက်စွဲပါ စာမျက်နှာ (၂၄) တွင် တရားလွှတ်တော်ရှေ့နေ ဒေါ်နှင်းနှင်းထွေး၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်တွင် ဗိုလ်မြင့်ဆွေလမ်းအစား မီးသတ်ကန်လမ်းဟု အမှန်ပြင်ဆင်ဖတ်ရှုပေးပါရန်။

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ ကွင်း/အကွက်အမှတ် (၁၄-က/ထုံးဘိုရပ်)၊ ဦးပိုင်အမှတ် (၇၅-ဃ)၊ မြေဧရိယာ (၀.၀၃၃) ဧကရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်အေးချို (၁၃/ကမန(နိုင်)၀၆၅၀၃၆) မှဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ်(မ-၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၄၈)၊ မြေဧရိယာ (၀. ၀၅၅) ဧကရှိမြေကွက်အား မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးသန့်ဇင် မှဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်အမှတ် (RA-V/ကွက်ပြင်-၅)၊ ဦးပိုင်အမှတ် (၁၉/၂၇)၊ မြေဧရိယာ (၀.၀၈၃)ဧကရှိမြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးစိန်ဝင်းအောင် (၁၃/တကန(နိုင်)၀၂၄၃၉၈) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်အမှတ် (၃၆/ပြည်တော်သာရပ်)၊ ဦးပိုင်အမှတ် (၈၈)၊ မြေဧရိယာ (၀.၀၅၉) ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်သီတာထွေး (၅/ငဇန(နိုင်)၀၆၆၄၉၁) မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ သီရိရတနာလမ်း၊ အိမ်အမှတ် (မ/၁၄၃) နေ ဒေါ်နန်းခမ်းဖြူ (၁၃/တကန(နိုင်)၀၂၃၄၇၃) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ဩတချောင်းကျေးရွာရှိ အရှေ့ဘက်လားသော် - ဦးချမ်းသာခြံ၊ အနောက်ဘက်လားသော် - မစိန်ခြံ၊ တောင်ဘက်လားသော် - သန်းငွေခြံ၊ မြောက် ဘက်လားသော် - (၁၂) ပေလမ်း၊ အရှေ့နောက် ( ၆၅ x ၆၅ ) ပေ ၊ တောင်မြောက် ( ၆၅ x ၆၅ ) ပေအကျယ်အဝန်းရှိမြေကွက်အား "(၁၆-၆-၂၀၀၀) ရက်နေ့တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်" ပြည်ထောင်စုမြန်မာနိုင်ငံတော် အခွန်တံဆိပ်ခေါင်း ငွေနှစ်ဆယ့်ငါးကျပ်တန် တံဆိပ်ခေါင်းဖြင့် ဟမ်းဖို့ကျေးရွာ၊ တောင်ကြီးမြို့နေ ဦးကျော်ထံမှ ဒေါ်ညွန့်စိန်နှင့် ဒေါ်နန်းခမ်းဖြူတို့မှ ငွေကျပ်(၁၀၀၀၀) အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက် ဖြစ်ပါသည်။

"(၁၅-၅-၂၀၁၁)ရက်တွင် နှစ်ဦးသဘောတူ အိမ်/ခြံ/မြေကွက် အရောင်းအဝယ်စာချုပ် "ပြည်ထောင်စုမြန်မာနိုင်ငံတော် အခွန်တံဆိပ်ခေါင်း ငွေနှစ်ဆယ့်ငါးကျပ်တန် တံဆိပ်ခေါင်းဖြင့် ဒေါ်ညွန့်စိန်မှ ဒေါ်နန်းခမ်းဖြူအား အရပ်စာချုပ်ဖြင့် ပြန်လည်ရောင်းချခဲ့ပါသည်။ အထက်ဖော်ပြပါ စာချုပ်မူရင်း (၂) စောင် ပျောက်ဆုံးမှုနှင့် ပတ်သက်၍ ဒေါ်နန်းခမ်းဖြူမှ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခွန်ညွန့်မောင်ရှေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အခွန်တံဆိပ်ခေါင်း ငွေခြောက်ရာကျပ်တန် တံဆိပ်ခေါင်းဖြင့် "(၁၆-၆-၂၀၀၀) ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေကွက် အရောင်းအဝယ် ကတိစာချုပ်"ကို(၂၅-၁၀-၂၀၂၂) ရက်နေ့တွင် အသိသက်သေ ဒေါ်စိန်ပွင့်နှင့် ဖွန်ဝေယံဖြိုးတို့ရှေ့တွင် ထပ်မံစာချုပ်ပြုလုပ်ချုပ်ဆိုခဲ့ပါသည်။

ထို့သို့ချုပ်ဆိုပြီးနောက် (၁၀-၉-၂၀၂၃) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၁) ၌ ဒေါ်နန်းခမ်းဖြူမှ "အများသိစေရန်ကြေညာချက်"ဖြင့် ၎င်းပိုင်ဆိုင်သည်မှာ မှန်ကန်ကြောင်း ကြေညာထားပြီးဖြစ်ပါသည်။ "(၁၆-၁၂-၂၀၂၃) ရက်နေ့တွင် နှစ်ဦးသဘောတူ အိမ်ခြံ မြေကွက်အရောင်းအဝယ်ကတိစာချုပ်"ဖြင့် အထက်ပါ မြေကွက်အား ဒေါ်နန်းခမ်းဖြူမှ ဒေါ်နန်းခင်ခင်ဦးအား ပြန်လည် ရောင်းချခဲ့ပြီး၊ ဒေါ်နန်းခမ်းဖြူမှ "(၁၆-၆-၂၀၀၀) ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်" ပြည်ထောင်စုမြန်မာနိုင်ငံတော် အခွန်တံဆိပ်ခေါင်း ငွေနှစ်ဆယ့်ငါးကျပ်တန် တံဆိပ်ခေါင်းဖြင့် ချုပ်ဆိုထားသည့် စာချုပ်မူရင်းနှင့် "(၁၅-၅-၂၀၁၁) ရက်စွဲပါနှစ်ဦးသဘောတူ အိမ်/ခြံ/မြေကွက် အရောင်းအဝယ်စာချုပ်" ပြည်ထောင်စုမြန်မာနိုင်ငံတော် အခွန်တံဆိပ်ခေါင်း ငွေနှစ်ဆယ့်ငါးကျပ်တန် တံဆိပ်ခေါင်းဖြင့် ချုပ်ဆိုထားသည့် စာချုပ်မူရင်း (၂) စောင်တို့အား ပြန်လည်တွေ့ရှိခဲ့ပါသည်။

"(၃၀-၉-၂၀၂၅) ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဒေါ်နန်းခမ်းဖြူက ဒေါ်နန်းခင်ခင်ဦးထံမှ အထက်ဖော်ပါ မြေကွက်အား ပြန်လည်ဝယ်ယူပိုင်ဆိုင်လက်ရှိထားပါသည်။

ထို့သို့စာချုပ်မူရင်း(၂)ကို ပြန်လည်တွေ့ရှိခဲ့သည့်အတွက် "(၁၆-၆-၂၀၀၀) ရက်စွဲပါ (၂၅-၁၀-၂၀၂၅) ရက်တွင် ချုပ်ဆိုခဲ့သည့် ဦးကျော်နှင့် ဒေါ်နန်းခမ်းဖြူတို့ နှစ်ဦးသဘောတူ ချုပ်ဆိုခဲ့သည့် နှစ်ဦးသဘောတူ အိမ်ခြံ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ကို ဖျက်သိမ်းမည်ဖြစ်ကြောင်းနှင့် အထက်ဖော်ပြ အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လှူဒါန်း၊ ပေးကမ်း၊ စွန့်ကျဲ၊ အာမခံ၊ မြေစာရင်းပုံစံ (၁၀၅) နှင့် ၎င်းအမည်ပေါက် ဂရန်ပြုလုပ်ဆောင်ရွက်မည်ဖြစ်သောကြောင့် ကန့်ကွက်လိုပါက ကျွန်ုပ်ထံ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာဇာဝင်း (LLB, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၃၉/၂၀၁၇)**
**အမှတ် (၁)၊ ရန်ကြီးအောင်လမ်း၊ မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၅၂၅၀၄၅၈, ၀၉-၇၈၈၃၁၄၉၄၆**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ဘွက်ကြီးကျေးရွာ၊ ကွင်းအမှတ်-၅၂၄၊ ရဲစုအရှေ့ကွင်း၊ ဦးပိုင်အမှတ်-၄၄/၂ တွင် တည်ရှိသောဧရိယာ (၄.၀) ဧကရှိသည့်အနက်မှ အကွက်ဖော်ထားသည့် မြေဇင်းကျောင်းလမ်း၊ အမှတ်-3/A3(ခ)ဟုခေါ်တွင်သော အလျား (၆၀) ပေ၊ အနံ (၂၀) ပေရှိ မြေကွက်နှင့်အမှတ်-3/A4 ဟုခေါ်တွင်သော အလျား (၆၀) ပေ၊ အနံ (၄၀) ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်ခြံမြေ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမြင့်မောင်မောင် (၁၂/မရက(နိုင်)၁၄၃၃၁၉) နှင့် ဒေါ်ရူပါရှိန် (၁၂/မရက(နိုင်)၁၃၇၅၀၀) တို့က တရားဝင်လက်ရှိ ပိုင်ဆိုင်ထားပါကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်း ရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြု ပြောဆိုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးလွင်မောင်သန်း (၉/ဝတန(နိုင်)၁၄၀၂၀၆) ကဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးခွန်ရဲမာန် (LL.B), WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၅၁)**
**ဖုန်း - ၀၉ ၄၃၀၈၉၄၆၆**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 77W/12487 Dayang 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထွေး ၁၃/ကလန(နိုင်) ၀၅၇၄၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ အောင်ပန်း**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် SHN/14790 Honda Click ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းဆီ (၁၃/နတရ(နိုင်)၀၀၀၈၄၆) က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ အောင်ပန်း**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ- ၁ နှင့် ၅)
### မုံရွာခရိုင်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂

ဒေါ်အိမ့်မျက်ချယ် **နှင့်**
၁။ ဦးဖြိုးစည်သူ
၂။ ဒေါ်နီလာဝင်း
၃။ ဦးထွန်းလင်းဦး
၄။ ဒေါ်ခင်မို့မို့အေး
၅။ ဦးကျော်စိန်ဝင်း
၆။ ဒေါ်အေးအေးမိုး

**(တရားလို)** **(တရားပြိုင်များ)**

မုံရွာမြို့၊ မြို့ သစ်ရပ်၊ စွယ်တော်လမ်းနေ ဦးဖြိုးစည်သူနှင့် ဦးကျော်စိန်ဝင်း (Monywa Brother Hood Co,Ltd) မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ ဆည်မြောင်းဝင်းအရှေ့ဘက်နေ ဒေါ်နီလာဝင်းနှင့် ဦးထွန်းလင်းဦး (အတူနေလင်မယား)၊ မုံရွာမြို့ ၊ မြဝတီရပ်ကွက်၊ အောင်သပြေလမ်းနေ ဒေါ်ခင်မို့မို့အေးနှင့် ဒေါ်အေးအေးမိုး (ယခု နေရပ်လိပ်စာမသိ)တို့ သိရှိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ချေးယူထားသည့် ငွေသိန်း (၂၅၀) ကျပ်အား ပြန်လည်ပေးဆပ်ခွင့်ပြုပြီး အာမခံအဖြစ် ပေးအပ်ထားသည့်ဝင်းမြေအတွင်း ဆောက်လုပ်ထားသည့် အဆောက်အဦများကို ဖျက်သိမ်းဖယ်ရှားကာ ဝင်းမြေအား လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ (၂၀) ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၅) ရက်နေ့ မွန်းမတည့်မီ (၁၀း၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ (၇) ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုင်းရဲသူ)
ဒုတိယခရိုင်တရားသူကြီး(၃)
မုံရွာခရိုင်တရားရုံး

### အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်၊ အိမ်အမှတ် (၁၉၉) တွင် နေထိုင်သူ ဦးလိုဖူချန် (ဘ)ဦးလိုရှင်ခေါ် (၁၃/မဆတ(နိုင်)၀၁၈၁၃၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

ကျွန်တော်မိတ်ဆွေ၏ မိဘနှစ်ပါးဖြစ်သော ဖခင် ဦးလိုရှင်ခေါ် (ကွယ်လွန်)နှင့် မိခင် ဒေါ်ဟွေကော့ (ကွယ်လွန်)တို့သည် မကွယ်လွန်မီက မူဆယ်မြို့၊ မြောက်ရပ်ကွက်၊ ကောင်းနောင်အရှေ့အရပ်တွင် နေထိုင်ခဲ့ပြီး (၁)မူဆယ်မြို့မဈေးအရှေ့အရပ်၊ အကွက်အမှတ် (၃၂)၊ ဦးပိုင်အမှတ် (၁၁၀-က)/(၁၁၀-ခ) ဂရန်မြေကွက်၊ (၂) မူဆယ်မြို့၊ ကောင်းနောင်အရှေ့ရပ်ရှိ အကွက်အမှတ် (၂၆)၊ ဦးပိုင်အမှတ် (၂၄-က) ဂရန်မြေကွက်၊ (၃) မူဆယ်မြို့၊ မန်ဝိန်းအရှေ့ မြောက်အရပ်၊ အကွက်အမှတ် (၆၀)၊ ယခင် ဦးပိုင်အမှတ် (၁၀)၊ ဂရန်မြေကွက်များမှာ မိခင် ဒေါ်ဟွေကော့ အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ခဲ့သော ဂရန်မြေကွက်များ ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက်များနှင့် ပတ်သက်၍ဦးလိုရှင်ခေါ်နှင့် ဒေါ်ဟွေ့ကော့တို့မှ မွေးဖွားသည့် သားသမီး (၄) ဦးဖြစ်သော ကျွန်တော် ဦးလိုဖူချန်နှင့် ဦးလိုယုကွယ်၊ ဦးလိုယုယုန်၊ ဦးလိုဖုဖေ (ကွယ်လွန်)တို့မှ ယနေ့အချိန်ထိ အမွေခွဲဝေထားခြင်း မရှိသေးသည့် ဂရန်မြေကွက်များဖြစ်ပါသည်။ အဆိုပါဂရန် မြေကွက်များနှင့် ပတ်သက်၍ ကျွန်တော် ဦးလိုဖူချန်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ၊ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်း၊ အမည်လွှဲပြောင်းပေးခြင်း၊ အမွေဆက်ခံစာချုပ်ချုပ်ဆိုပေးခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ ပေါင်နှံခြင်းတို့ မပြုလုပ်ကြပါရန် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဦးလိုဖူချန်** | **ဦးအောင်သန်းဦး LL.B** | **ဦးကျော်ဇင်သက် (LL.B)** |
| **၁၃/မဆတ(နိုင်)၀၁၈၁၃၄** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၉၇၁၇/၁၄)** | **(စဉ်-၁၇၀၅၇/၂၁)** |

**(၃၃x၃၄)လမ်းကြား၊ (၈၇)လမ်း၊ အကွက် ( ၂၇၃)၊**
**ပဲလှော်ချောင်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ ကံ့ကော်လမ်း၊ မြေကွက်အမှတ်(၉)၏ ဘဏ်ချေးငွေများအား ဒေါ်ပန်းငုံထွန်း (၁၂/ဒဂန(နိုင်)၀၃၄၂၅၀)မှ ပြေကျေစွာပေးဆပ်ခဲ့ပြီး ပျဉ်းမနားခရိုင် တရားရုံးမှတ်ပုံတင်အမှတ် (၄၅၈/၂၀၂၆) ကျမ်းကျိန်ဆိုချက်ဖြင့် ပိုင်ဆိုင်မှုပြန်လည်ထုတ်ယူရန် လျှောက်ထားလာပါသဖြင့် ၎င်းမြေကွက်၏ ပိုင်ဆိုင်မှုမူရင်းများအား ဒေါ်ပန်းငုံထွန်းသို့ ပြန်လည်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄) ရက်အတွင်း နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ပျဉ်းမနားဘဏ်ခွဲ)သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်**
**(ပျဉ်းမနားဘဏ်ခွဲ)**
**အမှတ်(၁၈)၊ ရုံးလမ်း၊ ၁၈/ရန်အောင်တောင်ရပ်၊**
**မင်္ဂလာရှမ်းကန်အနီး၊ ပျဉ်းမနားမြို့ နယ်၊ နေပြည်တော်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျောက်ပန်းတောင်းမြို့၊ ဈေးကွက်သစ်ရပ်ကွက်၊ ကွင်းအမှတ်(၂၀၆၉-က)၊ ကျောက်ပန်းတောင်းမြောက်ကွင်း၊ မြေကွက်အမှတ် (၅၁/၂၀၄)၊ မြေဧရိယာ (၀.၀၈၀)ဧကအား လူနေထိုင်အသုံးပြုရန်အတွက် ဦးမြတ်သူအောင် ၉/မခန(နိုင်)၁၃၄၃၆၄ မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စု စာရင်းပုံစံ (၆၆/၆) မိတ္တူ၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့နှင့်အတူ လာရောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျောက်ပန်းတောင်းမြို့**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )
### တပ်ကုန်းမြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၂

ဦးပြည့်အောင် **နှင့်** ဒေါ်လုလုရီ
**(တရားလို)** **(တရားပြိုင်)**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကျားသေအိုင်ကျေးရွာနေ တရားပြိုင် ဒေါ်လုလုရီ (ဘ) ဦးခင်မောင်ကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးပြည့်အောင်က "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၂၁) ရက်၊ (၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း (၆) ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၉) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဟိန်းသန့်ဇင်ထွန်း)
ဒုတိယမြို့နယ်တရားသူကြီး (၃)
တပ်ကုန်းမြို့နယ်တရားရုံး

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )
### တပ်ကုန်းမြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၅

ဦးညီညီထွေး **နှင့်** ဒေါ်ဖြူ
**(တရားလို)** **(တရားပြိုင်)**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ရောက်ကုန်းကျေးရွာနေ တရားပြိုင် ဒေါ်ဖြူ (ဘ) ဦးစိုးနိုင် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးညီညီထွေးက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၂၁) ရက်၊ (၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း (၆) ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၇) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖြူစင်ကျော်)
ဒုတိယမြို့နယ်တရားသူကြီး (၂)
တပ်ကုန်းမြို့နယ်တရားရုံး

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ )
### တပ်ကုန်းမြို့နယ်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၃

ဦးကျော်ခိုင်မင်း **နှင့်** ဒေါ်ဝါဆိုမိုး
**(တရားလို)** **(တရားပြိုင်)**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကျားသေအိုင်ကျေးရွာနေ တရားပြိုင် ဒေါ်ဝါဆိုမိုး (ဘ) ဦးထွန်းထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်ခိုင်မင်းက "လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၂၁) ရက်၊ (၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း (၆) ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၉) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဟိန်းသန့်ဇင်ထွန်း)
ဒုတိယမြို့နယ်တရားသူကြီး (၃)
တပ်ကုန်းမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၇၀)၊ ပန်းတင်ကုန်းအကွက်၊ ဦးပိုင်အမှတ်(၇-ဆ)၊ ဧရိယာ(၀.၀၂၉)ဧကရှိ ဦးတင်ဝင်းထွန်း အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ (B)ကို ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာလမ်း၊ အခန်း(၁၇)၊ တိုက်(၈) နေ ဒေါ်မြသန္တာစံမှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက် ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ရက် (၃၀) အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန
ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၇) ရပ်ကွက်၊ အကွက်အမှတ် (၁၀၈)၊ ကျောက်ငူအကွက်၊ ဦးပိုင်အမှတ် (၂.ဃ)၊ ဧရိယာ (၀.၃၄၄) ဧကရှိ မြန်မာအောင် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ (B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ဈေးဟောင်းလမ်းနေ ဦးလှထွန်းအေးက ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည် ပြောင်းလဲပေးရန် လျှောက် ထားခြင်းအား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာန
ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ စဉ့်အိုးဘိုမြောက်အကွက်၊ ဦးပိုင်အမှတ်(၄၀)၊ မြေဧရိယာ (၀.၂၁၃) ဧကအတွင်းမှ မြေဧရိယာ (၀.၀၉၅) ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အိမ်အမှတ်(၅၄)၊ ရွှေဘုံသာကမ်းနားလမ်းနေ ဒေါ်တင်သန်း မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ /အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန
ပုသိမ်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားအထက မှ (ဒု-လယ်ပြ) ဒေါ်စန်းအေး ၉/ကပတ (နိုင်)၀၁၄၈၃၇ နှင့် ဒေါ်စန်းစန်းအေးသည် အမည်ကွဲလွဲသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း၊

**ဒေါ်စန်းအေး(ခ)ဒေါ်စန်းစန်းအေး**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(နန-၂၀)၊ ဦးပိုင် အမှတ်(၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးတင်အောင်ထံမှ ကျွန်မ ဒေါ်ခင်မူကြည်က အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အား ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ ၂၉-၄-၂၀၂၆ ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အားချုပ်ဆိုပေးရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးတင်အောင် နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မူကြည်
အကွက်(ပပ-၆/၆၄)၊(ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ် ၊မန္တလေးမြို့
ဖုန်း-၀၉-၂၀၂၄၂၆၃၊ ၀၉-၉၇၂၉၂၁၈၈၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် (၂၈၁၀)၊ (၁၉၉၄- ၁၉၉၅ တိုးချဲ့ကွက်သစ်)၊ ဦးပိုင်အမှတ်(၄၀၇)၊ ဧရိယာ (၀.၁၁၀)ဧကနှင့် ဦးပိုင်အမှတ်(၄၀၈)၊ ဧရိယာ (၀.၁၆၁) ဧက စုစုပေါင်း ဧရိယာ (၀.၂၇၁)ဧကရှိမြေကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘို၏(၃-၂-၂၀၂၆)ရက်စွဲပါ စာအမှတ်၊ မြေကွက်ချထားရေးအမိန့်အမှတ်(၀၁/၂၀၂၆) အရ ဒေါ်ရည် မျိုးအေး (၅/ရဘန(နိုင်)၁၂၄၇၆၁)အမည်ဖြင့် မြေပေးမိန့်ရရှိထားသည့် မြေနေရာကို ပုဂ္ဂလိကမြေငှားဂရန်အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ကျေ့ကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၃၃(ခ)/ကျေ့ကြီးအနောက်)၊ ဦးပိုင်အမှတ် (၂၇၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိမြေနေရာသည် မြို့မြေအမှုတွဲအမှတ် ၅၁ VRP ၂၀၂၄-၂၀၂၅ အရ (၁၁-၉-၂၀၂၄) ရက်မှစ၍ ဦးအောင်ကျော်မိုး အမည်ဖြင့် မူလဂရန် သက်တမ်းအတိုင်း (၇-၈-၁၉၉၆) ရက်မှ ၆-၈-၂၀၂၆ ရက်ထိ) နှစ်(၃၀)အမည်ပြောင်း ချထားပေးသောမြေဖြစ်ပြီး (၆-၈-၂၀၂၆) ရက်တွင် မြေငှားစာချုပ်သက်တမ်းကုန်ဆုံးပြီဖြစ်၍ ဦးအောင်ကျော်မိုး အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်းအထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာ များကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၇-၄-၂၀၂၆) ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ရန်ပြေ)၊လူနေရပ်ကွက် အမှတ်(၃/ရန်ပြေ)၊ မြေကွက်အမှတ်(၈၂၈/က)၊ မြေကွက်လိပ်စာအမှတ်(၈၂၈/က)၊ ရန်ပြေ(၁၅)လမ်းအရှေ့၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ ပေx၆၀ ပေ)၊ ဧရိယာ(၁၂၀၀) စတုရန်းပေ ရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် မြေပေါ်မြေအောက်အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

အထက် ရည်ညွှန်းလိပ်စာပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်၍ အပိုင်ရောင်းချသူ ဒေါ်မြမြနွယ် ၁၃/တကန(နိုင်)၁၃၄၃၂၄ မှ မှတ်ပုံတင်အရောင်းစာချုပ် ချုပ်ဆို၍ဝယ်ယူပိုင်ဆိုင်လာသော နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်ဖြစ်ကြောင်းနှင့် ယနေ့တိုင်၎င်းသာလျှင် ပိုင်ဆိုင်၍ရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံကတိပြုလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ်၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှမောင်အေး ၆/သရခ(နိုင်)၀၂၈၂၄၁ မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအားစရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ် အားကန့်ကွက်လိုပါက ခိုင်လုံသော မူရင်း စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာစာ ပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှမောင်အေး ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)
အမှတ်(၂၃၉)၊ပထမထပ်၊ (၃၆)လမ်းအထက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
Ph: 09-778434507, 09-794077590**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(၃၆/ပြည်တော်သာ)၊ ဦးပိုင်အမှတ်(၂၃၅) ၊ ဧရိယာ (၀.၀၆၀) ဧကရှိ မြေအား မြေငှားဂရန် အမှုတွဲအမှတ် (၄၁၁/၂၀၀၅-၂၀၀၆)အရ ဒေါ်ခင်နှင်းကြူ ၉/မမန(နိုင်)၀၂၅၂၆၆ အမည်ဖြင့် နှစ် (၃၀) ဂရန်ရရှိခဲ့ပြီး အဆိုပါမြေအား ဒေါ်ခင်နှင်းကြူမှ သက်တမ်းတိုး ဂရန်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ပတ်စ်ပို့ပျောက်

ကျောက်တလုံးကြီးမြို့၊ ထီလုံရပ်ကွက်နေ (ဘ) ဦးမောင်ဗုတ် ၏ သမီး နန်းခမ်းစောလာ ၁၃/ကတလ (နိုင်)၀၁၀၁၆၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၅၂၄၄၃၈၈**

## မွေးသက္ကရာဇ်အမှန်

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ အင်းခေါင်းရွာနေ မသန်းပို ၏ မွေးသက္ကရာဇ် အမှန်မှာ (၁၄-၄-၁၉၆၈) ဖြစ်ပါကြောင်း။

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇) ရပ်ကွက်၊ ကျောင်းကုန်း (၃) လမ်း၊ အမှတ် (၈၁၅) (မြေညီထပ်) တွင် နေထိုင်သော ဦးသော်ဇင်ဦး ၁၂/လမန(နိုင်)၁၃၅၆၉၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးသူဟန်ထက် (အမည်ပေါက်) 2G/ 8001 SUZUKI EVERY WAGON ကားအား ဦးသော်ဇင်ဦး မှ (၁၃-၁- ၂၀၂၄) ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါကားအား AMGDK AUTO Services Co.,Ltdသို့ လိုင်စင် သက်တမ်းတိုးပေးရန် အပ်နှံထားပြီး AMGDK AUTO Services Co.,Ltd မှ ဦးအေးမင်းကုဋ္ဌေကျော်၊ ဒေါ်စိုးဇာဇာဦး တို့မှ ပြန်လည်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေအား ကမ်းလှမ်းပြီး မော်တော်ကားကြိုတင်စရန်ပေး နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆို၍ အရောင်း အဝယ်ပြုလုပ်ထားသော ကားဖြစ်ပါသည်။ AMGDK AUTO Services Co.,Ltd မှ ဦးအေးမင်းကုဋ္ဌေကျော်၊ ဒေါ်စိုးဇာဇာဦးတို့မှ ကားတန်ဖိုးအား အပြည့်အဝပေးချေခြင်းမရှိဘဲ အဆိုပါကားအား အခြားသူသို့ လက်လွှဲရောင်းချခြင်း များပြုလုပ်ခဲ့ရာ ကျွန်ုပ်မိတ်ဆွေ မှ ဦးအေးမင်းကုဋ္ဌေကျော် နှင့် ဒေါ်စိုးဇာဇာဦး တို့အပေါ် မိတ်ဆွေရင်းခြာခင်မင်မှုအရ အမှုဖွင့်တိုင်ကြားခြင်း မပြုခဲ့သော်လည်း အဆိုပါ ကားအား ယခုအခါ ကားအရောင်းအဝယ် Facebook Pageတစ်ခုတွင် ပြသ ရောင်းချနေခြင်းများ ပြုလုပ်ဆောင်ရွက်နေသဖြင့် ကျွန်ုပ်မိတ်ဆွေမှ ရောင်းချထားသည့်ကားတန်ဖိုးအား အပြည့်အဝပေးချေခြင်းမပြုဘဲ အဆိုပါကားအား လွှဲပြောင်းရောင်းချခြင်းမပြုလုပ်ရန် ကြေညာအပ်ပါသည်။ ဦးသော်ဇင်ဦးထံ ကျန်ငွေများပေးချေခြင်းမပြုမီ လူကြီးမင်းတို့အနေဖြင့် အခြားသူများထံ အထက်ဖော်ပြပါကားအား လွှဲပြောင်းခြင်း၊ ရောင်းချခြင်း မပြုလုပ်ရန် နှင့် အဆိုပါကားအား ထပ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ရောင်းဝယ်ခြင်းများပြုလုပ်ခဲ့ပါက ထပ်မံရောင်းသူ ဝယ်သူများ တာဝန်သာဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသော်ဇင်ဦး ၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ကြည်ကြည်လှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၂၀၁၀၅)
ကညင်ပင် (၄) လမ်း၊ ဘုရားကုန်းကျေးရွာ ၊ သန်လျင်မြို့နယ်
ဖုန်း-၀၉-၇၉၃၄၁၇၁၇၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်၊ ဓေယျာသုခလမ်း၊ အမှတ်(၄၁)၏ ဖ်လွှာ(A)၊ (အလျား၁၂ ၁/၂'x အနံ ၅၀') အကျယ်ရှိ တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးညီညီထက်အောင် ၁၀/မလမ(နိုင်)၁၈၁၁၂၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နှင်းလွင်အေး ၁၂/တမန(နိုင်)၀၂၀၄၄၂ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက် မှ (၇) ရက် အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းလွင်အေး ၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးသိမ့်သိမ့် (LL.B) (D.M.L) အထက်တန်းရှေ့နေ ( စဉ် - ၂၅၀၇၁)
အမှတ် (၂၄) ၄ - ဘီ ၊နိဗ္ဗာန်လမ်း၊သာစုအရှေ့ရပ်ကွက်ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၆၅၁၈၈၄၁၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အလယ်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၈-မုံရွာ အလယ်)၊ ဦးပိုင်အမှတ်(၉၆(က)၊ ဧရိယာ (၀ ဒသမ ၂၂၄) ဧကရှိ မြေနေရာသည် မြို့မြေ အမှုတွဲအမှတ် ၄၆၀/၁၉၉၅-၁၉၉၆ အရ ဒေါ်မြကြည် အမည်ဖြင့် (၂၀-၁၂-၁၉၉၅ ရက်မှ ၁၉-၁၂-၂၀၂၅ ရက်ထိ) နှစ်(၃၀)ချထားပေးသောမြေဖြစ်ပြီး အဆိုပါ မြေငှားစာချုပ်အား ဒေါ်ခင်နွဲ့၊ ဒေါက်တာသန်းကျော်၊ ဦးမော်၊ ဒေါ်ခင်မာအေး၊ ဒေါ်ခင်မာဌေး၊ ဒေါ်ယုယု၊ ဒေါ်ခင်ယုဆွေ အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေး သင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၉-၄-၂၀၂၆ ရက်မှစ၍(၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေ နှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည် ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဦးစောမင်းဦး ၁၂/မဂဒ(နိုင်)၁၀၇၀၆၀ နှင့် အများသိစေရန် ကြေညာခြင်း

ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ရောလမ်းရှိ မြေကွက်အမှတ်(ပစ-(C) ၅၄၄၇)ဟုခေါ်တွင်သော နေအိမ်ဝိုင်းခြံမြေကွက်မှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြမြအေး ၉/လဝန(နိုင်)၀၅၁၆၄၉ ဝယ်ယူပိုင်ဆိုင်ထား၍ လက်ရှိနေထိုင်လျက်ရှိသော အိမ်ဝိုင်းခြံမြေဖြစ်ပါသည်။ ဦးစောမင်းဦးသည် အထက်ပါနေအိမ်ဝိုင်းခြံမြေနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေထံ စရန်ငွေတချို့တစ်ဝက်ပေးချေပြီးနောက် ပိုင်ဆိုင်မှုဆက်စပ်စာချုပ်မူရင်းများ ရယူသွားပြီး သတ်မှတ်ရက်ပြည့်သည်အထိ ကျန်ငွေများပေးချေခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိပါသည်။ ဦးစောမင်းဦး အနေဖြင့် ကျွန်ုပ်၏မိတ်ဆွေထံမှ ရယူသွားသော မြေကွက်အမှတ် (ပစ-(C)၅၄၄၇)၏ ပိုင်ဆိုင်မှုဆက်စပ်စာချုပ်များအား အမြန်ဆုံးပြန်လည်ပေးအပ်ရန်နှင့် ဦးစောမင်းဦး ထံမှ မြေကွက်အမှတ်(ပစ-(C)၅၄၄၇) နှင့်ပတ်သက်၍ မည်သူတစ်ဦး တစ်ယောက်မျှ ပြန်လည်ဝယ်ယူခြင်း၊ တစ်နည်းနည်းဖြင့် လက်ခံခြင်းမပြုကြရန်နှင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြမြအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးညွန့်သူ (LL.B) ၊ တရားလွှတ်တော်ရှေ့နေ စဉ်-၁၆၀၀၆၊ (၁၇-၉-၂၀၁၉)
ရွှေနံ့သာရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၇၉၃၂၄၁၆၁၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၅/အောင်မင်္ဂလာ)၊ ဦးပိုင်အမှတ်(၁၄၁)၊ ဧရိယာ (၀ ဒသမ ၀၅၈)ဧကရှိမြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၂၄၈/၁၉၉၆-၉၇ အရ ဒေါ်မြကြည်၊ ဒေါ်ခင်နွဲ့၊ ဒေါက်တာ သန်းကျော်၊ ဦးမော်၊ ဒေါ်ခင်မအေး၊ ဒေါ်ခင်မဌေး၊ ဦးသိန်းဇော်၊ ဒေါ်ယုယု၊ ဒေါ်ခင်ယုဆွေ အမည်ဖြင့်(၈-၄-၁၉၉၆)မှ (၇-၄-၂၀၂၆)အထိ နှစ် (၃၀) ရရှိထားသော မြေငှားစာချုပ်အား ဒေါ်ခင်နွဲ့၊ ဒေါက်တာသန်းကျော်၊ ဦးမော်၊ ဒေါ်ခင်မအေး၊ ဒေါ်ခင်မဌေး၊ ဒေါ်ယုယု၊ ဒေါ်ခင်ယုဆွေ အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၉-၄-၂၀၂၆)ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက် မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၃

ဒေါ်ယဉ်ယဉ်မြင့် **(တရားလို)** နှင့် ဒေါ်သီတာမော် **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၀)ရပ်ကွက်၊ ရတနာပုံလမ်း ၊ အမှတ်(၁၁၅၄) နေ ဒေါ်သီတာမော် (ယခုနေ ရပ်လိပ်စာမသိ) သိစေရမည်။

သင်အပေါ်၌တရားလိုက " ပဋိညာဉ်အတိုင်း မြေကွက်နှင့် နေအိမ်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စားရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ ၊ ၂၀၂၆ခုနှစ်၊ ဧပြီလ ၂၄ ရက် (၁၃၈၈-ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက် အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်း ရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ (၁၀) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေနှင်းသူ)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂ )
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၁၇ နှင့် ဆက်နွှယ်သည့်
## ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၇

ဦးခင်မောင်မြင့် နှင့် ၁။ ဦးမာနီဆိုရ်
၂။ ဦးမောင်မောင်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ပိတောက်လမ်းနှင့်ငုဝါ လမ်းကြား၊ ၆၅လမ်းနေ ဦးမာနီဆိုရ် (ယခုနေရပ်လိပ်စာမသိ) နှင့် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည် မြောက်ရပ်ကွက်၊ ၇၈လမ်း၊ အမှတ်(၃၁/E) နေ ဦးမောင်မောင် (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၁၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင်တရားနိုင်ဦးခင်မောင်မြင့် က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ ၈ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၈ ရက် ) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော် ရှေ့လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုစုမာ)
ဒုတိယခရိုင်တရားသူကြီး(၆)
မဟာအောင်မြေခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၂၂ )
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၄၂ နှင့် ဆက်နွှယ်သည့်
## ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၆၉

၁။ ဦးမျိုးချစ် နှင့် ၁။ ဒေါ်စန်းစန်းဝင်း
၂။ ဒေါ်ဖြူဖြူဝင်း ၂။ ဒေါ်စန်းစန်းရီ
၃။ ဦးနေထွန်းထွေး

**(ဒီကရီအနိုင်ရသူများ)** **(တရားရှုံးများ)**

ဦးသိန်းထွန်း၏ သားသမီးများဖြစ်ကြသည့် ၁။ ဒေါ်စန်းစန်းဝင်း၊ ၂။ဒေါ်စန်းစန်းရီ ၃။ဦးနေထွန်းထွေး၊ (၎င်းတို့၏အထွေထွေကိုယ်စားလှယ်စာရရှိသူ ဦးကံမင်းအောင်(ဘ)ဦးကံမြင့်) ၅၄x၅၅ လမ်းကြား၊ ၁၃၅x၁၃၆ လမ်းကြား၊ အကွက်အမှတ်(ပပ-၅၂)၊ (ဈ)ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာအသိသူ) သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၄၂ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင် ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၂၇)ရက်(၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီ အချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ (၆) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မျိုး)
ဒုတိယခရိုင်တရားသူကြီး(၅)
မဟာအောင်မြေခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

